# ပထမအကြိမ်
# ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှတ်တမ်း

## ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂-၁၆) ရက်
## မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ နေပြည်တော်

<u>မာတိကာ</u>


၁။ နိုင်ငံတော်သမ္မတ၏ ဥယျောဇဉ်
၂။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း၏ အမှာစာ
၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း၏ အမှာစာ
၄။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ ဒီမိုကရက်တီပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေ၏ အမှာစာ
၅။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ အနှစ်ချုပ်
၆။ နိုင်ငံတော်သမ္မတ၏ အဖွင့်မိန့်ခွန်း
၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ အမှာစကား
၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အမှာစကား
၉။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကား
၁၀။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၏ အမှာစကား
၁၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပပုံအဆင့်ဆင့်
၁၂။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ
၁၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ သဘာပတိအဖွဲ့များနှင့် အကျိုးဆောင်အဖွဲ့များ
၁၄။ ဆွေးနွေးချက်များနှင့် ကဏ္ဍ (၅) ခုအတွက် တင်သွင်းသည့်စာတမ်းများ
၁၅။ ညီလာခံသို့တင်သွင်းသည့် အဆိုပြုလွှာ (၄) ရပ်
၁၆။ ညီလာခံတက်ရောက်သူများစာရင်း (အကျဉ်းချုပ်)
၁၇။ အကြံပြုချက်နှင့် သုံးသပ်ချက်များ
၁၈။ နိဂုံး

နောက်ဆက်တွဲ (က) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)

(ခ) နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်

(ဂ) ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့် စည်းမျဉ်းစည်းကမ်းများ

(ဃ) ညီလာခံတက်ရောက်သူများစာရင်း

# ပထမအကြိမ်
# ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှတ်တမ်း

## ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂-၁၆) ရက်
## မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ နေပြည်တော်

### ၆။ နိုင်ငံတော်သမ္မတ၏ အဖွင့်မိန့်ခွန်း

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးကို ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့သမိုင်းမှာ အင်မတန်ထူးခြားတဲ့ နေ့တစ်နေ့အဖြစ် မှတ်တမ်းဝင်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ နောင်တချိန်မှာ ဂုဏ်ယူဝံ့ကြွားစွာ ပြန်ပြောင်းပြောဆိုကြရမယ့် သမိုင်းသစ်ကို အတူတကွရေးသားဖို့ ဒီနေရာကို စုရုံးရောက်ရှိလာကြပါတယ်။ ဒါဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ကျွန်တော်တို့ စုစည်းနိုင်ခဲ့တဲ့ အကြီးမားဆုံးသော တိုင်းပြုပြည်ပြုကိစ္စကြီးတရပ်ကို အစပြုလိုက်ခြင်းလည်းဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော်တို့အားလုံးအနေနဲ့ ဒီညီလာခံကြီး ပေါ်ပေါက်လာရတဲ့ အကြောင်းရင်းကို လက်တွေ့ကျကျနဲ့ မှန်မှန်ကန်ကန် ပြန်ပြောင်းကြည့်ရှုကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရ စတင်တာဝန်ယူတဲ့ အချိန်ကစပြီး နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခများ အတွက် တွေ့ဆုံညှိနှိုင်းအဖြေရှာရေးအတွက် လက်နက်ကိုင် အဖွဲ့အစည်းများထံ ငြိမ်းချမ်းရေးစတင် ဖိတ်ခေါ်ခဲ့ပါတယ်။

ဒီနေရာမှာ နောက်ခံသမိုင်းတွေ၊ နိုင်ငံရေးရပ်တည်ချက်တွေ၊ လိုလားချက်တွေအရ မတူညီကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးအနေနဲ့ တူညီစွာတောင်းဆိုခဲ့ကြတဲ့ အဓိက အချက်တွေရှိပါတယ်။ ဒါကတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲဖို့နဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့အတွက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တစ်ဖွဲ့ချင်းဆွေးနွေးတဲ့ အခြေအနေကနေ အဖွဲ့အစည်းအားလုံး အတူတကွ ပါဝင်ဆွေးနွေးနိုင်မယ့် ဖြစ်စဉ်တရပ်ကို တည်ဆောက်ခဲ့ပါတယ်။ ဒီလိုဖြစ်စဉ်တရပ်ကို အခိုင်အမာတည်ဆောက်နိုင်တာကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု သမိုင်းတလျှောက်မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ လက်နက်ကိုင် အဖွဲ့အစည်းများအကြားမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တစ်ခု ရှိလာခဲ့ပါတယ်။ ပါဝင်လက်မှတ်ထိုးတဲ့အဖွဲ့တွေနဲ့ လက်မှတ်မထိုးနိုင်သေးတဲ့ အဖွဲ့တွေ ရှိသော်လည်း ဒီသဘောတူစာချုပ်ဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ ဆွေးနွေးဘက်

လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံး သဘောတူ ရေးဆွဲခဲ့တဲ့ စာချုပ်ဖြစ်ပါတယ်။ စာချုပ်အရ အပစ်အခတ်ရပ်စဲရေးဆိုင်ရာကိစ္စရပ်တွေကို ဆက်တိုက်အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ပွဲများကိုထိရောက်စွာ ကြိုတင်ကာကွယ်နိုင်ဖို့၊ ရပ်တန့်နိုင်ဖို့နဲ့ ဖြေရှင်းနိုင်ဖို့အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနဲ့ TOR များကို စတင် အကောင် အထည်ဖော်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

သို့သော်လည်း လွတ်လပ်ရေးရပြီးတည်းက ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများရဲ့ ဇာစ်မြစ်ပြဿနာတွေကို နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့အခါမှာတော့ လက်နက်ကိုင် တပ်ဖွဲ့များသာမက သက်ဆိုင်ရာ နိုင်ငံရေးအင်အားစုတွေနဲ့ လူထုအဖွဲ့အစည်းတွေပါ ကိုယ်စားပြု ဆွေးနွေးကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်မှာ အပစ်အခတ်ရပ်စဲရေးထက် ကျော်လွန်တဲ့ နိုင်ငံရေး သဘောတူညီချက်တွေကိုလည်း ထည့်သွင်းချုပ်ဆိုခဲ့ပါတယ်။ အဓိကအချက်အနေနဲ့ကတော့ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းနဲ့ ညှိနှိုင်းအဖြေရှာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ် စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ထူထောင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင်ကျင်းပရခြင်းဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အခြေခံပြီး စာချုပ်ပါ အချိန်ဇယား အတိုင်း နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို အစပြုအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး တည်ဆောက်မှု သမိုင်းတလျှောက် ဘယ်တုန်းကမှ မရရှိဖူးခဲ့တဲ့ နိုင်ငံရေးတည်ငြိမ်မှုနဲ့ ပွင့်လင်းလွတ်လပ်မှုတွေကို အခြေခံပြီး ဒီကနေ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပနိုင်မှာဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတင် ကျင်းပနိုင်ခြင်းဟာ နိုင်ငံရေးအသွင်ကူးပြောင်းမှုတစ်ခုကို စနစ်တကျ စတင်နိုင်ပြီး တည်ငြိမ်တဲ့အရွေ့တစ်ခု ပေါ်ပေါက်ရေးကို စီမံခန့်ခွဲနိုင်ခြင်းရဲ့ အကျိုးရလဒ် တစ်ခုအဖြစ်လည်း မြင်ကြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို စတင်ခေါ်ယူ ကျင်းပရခြင်းဟာ ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲရလဒ်အရ ပေါ်ပေါက်လာမယ့် အစိုးသစ်ထံ အစိုးရ တာဝန်များကို လွှဲပြောင်းပေးတဲ့ကိစ္စတွေထဲမှာ အရေးအကြီးဆုံး လုပ်ငန်းစဉ် တစ်ခုကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရသစ်ထံ စနစ်တကျ လွှဲပြောင်းနိုင်ရေးအတွက် အထူးအရေးပါလှတဲ့ ဆောင်ရွက်ချက်တစ်ခု လည်း ဖြစ်ပါတယ်။

ဒီညီလာခံဟာ ကာလအပိုင်းအခြားတစ်ခုအနေနဲ့ ဆောင်ရွက်တဲ့ အခမ်းအနား တစ်ခု မဟုတ်ဘဲ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ဖြစ်စဉ်တစ်ခု အစပျိုးခြင်းသာဖြစ်ပါတယ်။ ဆွေးနွေးရမယ့်ကိစ္စရပ်တွေ၊ ပါဝင်ဆွေးနွေးမယ့်သူတွေနဲ့ ကိုယ်စားပြုမှု တွေဟာလည်း ညီလာခံကြီးရဲ့ ဖြစ်စဉ်တလျောက်မှာ ဆက်လက် ဆွေးနွေးညှိနှိုင်း သွားရမယ့် ကိစ္စရပ်များဖြစ်ပါတယ်။

ဒီညီလာခံကအစပြုပြီး နိုင်ငံရေးဆွေးနွေးမှုများကနေ နိုင်ငံရေးအင်အားစုများ အကြားမှာ ရရှိလာမယ့် အပြန်အလှန်ယုံကြည်မှုတွေကလည်း နိုင်ငံရေးဖြစ်စဉ်ကို များစွာ အထောက်အကူ ပြုမှာဖြစ်ပါတယ်။ ဒီညီလာခံကြီးကနေစပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများဆိုတဲ့ အကြောင်းအရာ တွေကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်များအတိုင်း ဆွေးနွေးကြမှာဖြစ်ပါတယ်။

ဒီငြိမ်းချမ်းရေးညီလာခံကြီးဟာ အစိုးရသစ်ထံ တာဝန်လွှဲပြောင်းမှု ချောမွေ့စေရေး အတွက်ရော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ပါ အချိန်ဇယားအတိုင်း အကောင်အထည်ဖော်ရေး အတွက်ပါ စတင်ရတာဖြစ်ပါတယ်။ အချိန်မီ စတင်ရတာဖြစ်တဲ့အပြင် ဒီကနေ့ ဆွေးနွေးကြမယ့် ကဏ္ဍကြီးငါးရပ်ဟာလည်း အလွန်ကျယ်ပြန့်တာဖြစ်တဲ့အတွက် ဒီ (၅) ရက်တာကာလအတွင်းမှာ ဆုံးဖြတ်ချက်တွေ ချမှတ်ခြင်းမပြုဘဲ ဆွေးနွေးမှုတွေကို စုစည်းမှာ ဖြစ်ပါတယ်။ ဒီလိုစုစည်းပြီးနောက် ညီလာခံကို သယ်ဆောင်သွားကြဖို့ဖြစ်ပါတယ်။ ဒါကြောင့် နောက်အစိုးရသစ် လက်ထက်မှာ ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် အခြေခံ အုတ်မြစ်ကောင်း ချမှတ်ခြင်း ဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ အစိုးရသစ် လက်ထက်မှာ ပေါ်ပေါက်လာမယ့် ညီလာခံမှာ ရလဒ်ကောင်းများ ထွက်ပေါ်လာရေးအတွက် ဒီကနေ့ ဆွေးနွေးမှု များကို အကောင်းဆုံး စုစည်းနိုင်ခြင်း အပေါ်မှာ မူတည်မယ်ဆိုတာကိုလည်း သတိပြုကြစေ လိုပါတယ်။

ဒီညီလာခံကြီးမှာ ဆွေးနွေးညှိနှိုင်း အဖြေရှာတဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ဆွေးနွေးဘက် အဖွဲ့အစည်းအသီးသီးရဲ့ မတူညီတဲ့ သမိုင်းကြောင်းတွေ၊ နိုင်ငံရေး ရပ်တည်ချက် တွေနဲ့ လိုလားချက်တွေကို အပြန်အလှန် နားလည်သိရှိဖို့ ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဆွေးနွေး အဖြေ ရှာတဲ့အခါမှာ အဖွဲ့အစည်းတစ်ခုရဲ့ ရပ်တည်ချက်၊ ရှုထောင့်တစ်ခုတည်းက မကြည့်ဘဲ ရှုထောင့် ပေါင်းစုံကနေ ရှုမြင်ပြီး အတူတကွ လက်တွဲဖြေရှင်းမယ်ဆိုတဲ့ ချဉ်းကပ်မှုမျိုးနဲ့ ဆွေးနွေး ညှိနှိုင်းကြဖို့ တိုက်တွန်းအပ်ပါတယ်။ လက်တွေ့ကျပြီး အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုများ ပြုလုပ်ပြီး တိုင်းပြည်အတွက် ရေရှည်အကျိုး ဖြစ်ထွန်းစေမယ့် ဆွေးနွေးမှုတွေ၊ နိုင်ငံရေး ရွေးချယ်မှုတွေနဲ့ သဘောတူညီမှုတွေ ရရှိအောင် ကြိုးပမ်းကြဖို့ အလေးအနက်တိုက်တွန်းပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်။

## ၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ အမှာစကား

ဧည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား -

မင်္ဂလာနှစ်သစ်ကူးမှာ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပြီး ကောင်းကျိုး လိုရာဆန္ဒများ ပြည့်ဝကြပါစေ။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အမှာစကားပြောကြားခွင့် ရရှိသည့်အတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ဒါ့ထက် NCA ဖြစ်မြောက်လာအောင်နှင့် ယင်း NCA မှတဆင့် ညီလာခံ ဖြစ်မြောက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပါဝင်ပံ့ပိုးကူညီခဲ့ကြသူများနှင့် အဖွဲ့အစည်းများကို ဤညီလာခံကြီးမှ ဂုဏ်ပြုမှတ်တမ်းတင်ရန်အတွက် အဆိုပြုတင်ပြအပ်ပါတယ်။

ဧည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား -

ငြိမ်းချမ်းရေးဟာ မြန်မာတစ်မျိုးသားလုံး ပြည်ထောင်စုတစ်ခုလုံး၏ ဂုဏ်သိက္ခာ၊ ဂုဏ်အင်္ဂါနှင့် သက်ဆိုင်ပါတယ်။ ဒါကြောင့် ဤကိစ္စကို နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ယခုအချိန်ဟာ ရွှေမြန်မာတွေလို့ မည်ကဲ့သို့ပင် အမွှန်းတင်စကားတွေ၊ သမိုင်းကြောင်းတွေနဲ့ ပြောနေကြပါစေ၊ နိုင်ငံအတွင်းမှာ ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူအများအပြား ဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်ကြုံတွေ့နေကြလို့ ဂုဏ်မတင့်နိုင်ကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

အိုးမဲ့အိမ်မဲ့၊ မိဘမဲ့၊ စားရမဲ့သောက်ရမဲ့၊ ပြေးလွှားပုန်းအောင်း တိမ်းရှောင် နေရသူတွေဟာ ပြည်တွင်းရော ပြည်ပမှာပါ မျက်နှာငယ်ငယ်နဲ့ နေထိုင်လုပ်ကိုင် စားသောက်နေကြရပါတယ်။

တန်ဖိုးရှိလှသော အသက်နှင့်ခန္ဓာကိုယ်ကို စွန့်ခဲ့ကြရသူတွေ၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးခဲ့ကြရသူတွေဟာ များပြားလှပါပြီ။ အမှားအမှန်၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်ခွင့်မရှိဘဲ တိုက်ခိုက် နေကြသော်လည်း မိမိတို့ဘက်ကသာ မှန်တယ်လို့ ထင်မြင်ယူဆ ပြောဆိုနေကြဆဲပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲပြောကြပြောကြ နောက်ဆုံးမှာတော့ တန်ဖိုးရှိလှတဲ့ အမိနိုင်ငံသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ အပြစ်မဲ့ တိုင်းရင်းသားပြည်သူများရဲ့ အသက်နှင့် ခန္ဓာတွေကို စတေးခံရပြီး ဒုက္ခမျိုးစုံ ကြုံတွေ့နေကြရတာပဲ အဖတ်တင်ကျန်နေရပါတယ်။ စစ်ဘေးရှောင်ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ (IDPs & Refugees) ကိစ္စတွေဟာ ဝမ်းနည်းစရာ အလွန်ကောင်း လှပါတယ်။

ဒီအတွက် မိမိတို့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးရရှိဖို့ မဖြစ်မနေ လိုအပ်နေတယ်၊ ငြိမ်းချမ်းရေး ရရှိအောင် လုပ်ဆောင်ကြရမယ်၊ သူ့ကြောင့် ကိုယ့်ကြောင့် လွှဲချနေလို့ မဖြစ်တော့ဘူး။ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများကလည်း တိုင်းပြည်ကိုတကယ်ချစ်ရင်၊ ပြည်သူတွေအပေါ် အမှန်တကယ် စာနာ ထောက်ထား သနားငဲ့ညှာမယ်ဆိုရင် မိမိတို့ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက် အဆင် ပြေနေတာ၊ လုံခြုံပြည့်စုံနေတာတွေဟာ နိုင်ငံနှင့်နိုင်ငံသား၊ ပြည်သူ တစ်ရပ်လုံးအတွက် အဆင်ပြေ နေတာ ပြည့်စုံလုံခြုံနေတာ မဟုတ်ဘူး၊ ဟုတ်တယ် ဆိုတာကို သတိပြုဆင်ခြင်ရမည့် အချိန် ရောက်နေပါပြီ။

ညီ့သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား -

ငြိမ်းချမ်းရေးကို မဖြစ်မနေရအောင် လုပ်ကြမယ်ဆိုရင် သန္နိဋ္ဌာန်နှင့် ရည်ရွယ်ချက် ခိုင်မာပြတ်သားဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးအတွက် ခေါင်းဆောင်တွေနှင့် အဖွဲ့အစည်းတွေက သဘောထား ကြီးကြဖို့လိုပါတယ်။ အချင်းချင်း စိတ်ရှည်သည်းခံဖို့၊ နားလည်ခွင့်လွှတ်နိုင်ကြဖို့၊ လေးစားကြဖို့၊ ယုံကြည်ကြဖို့၊ မျှမျှတတ ပြောဆိုဆက်ဆံကြဖို့၊ ရိုးသားပွင့်လင်းကြဖို့လိုပါတယ်။ ဒါတွေ ပါဝင်ခြင်း မရှိပါက ငြိမ်းချမ်းရေးအတွက် အိပ်မက်ပင် မက်နိုင်ကြမှာ မဟုတ်ပါဘူး။

ဒီလိုဆိုရင် စိတ်စေတနာမှန်ဖို့ လိုအပ်သလို လုပ်နည်းလုပ်ဟန် မှန်ဖို့လည်း အထူးအရေးကြီးပါတယ်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အသာစီးရအောင်သာ ကြိုးစားအားထုတ်နေကြမယ် ဆိုရင် လမ်းချော်လမ်းလွဲသွားနိုင်တာတွေ ဖြစ်လာမှာကို သတိပြုကြရမယ်။

ထို့အတူ တစ်ချိန်က ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ယခုအချိန်မှာတော့ နိုင်ငံသား အားလုံးအတွက် စိတ်ချလုံခြုံရအောင် နားလည်ခွင့်လွှတ်ခြင်းနှင့်အတူ ဆောင်ရွက်ပေးရမည်ဆိုတဲ့ အချက်ကိုလည်း ခံယူလုပ်ဆောင်ကြဖို့လိုတယ်။

လူဆိုတာ အမှားမကင်းနိုင်ပါဘူး၊ ဒါကို နားလည်လက်ခံပြီး ဘယ်လို သက်ညှာရမလဲ၊ ဘယ်အတိုင်းအတာအထိ ခွင့်လွှတ်ရမလဲ၊ ပြုပြင်ပေးရမလဲ၊ ကူညီဖေးမကြမလဲ၊ သူနှင့်သူ့ပတ်ဝန်းကျင်ကို အကျိုးရှိအောင် ဘယ်လိုလုပ်ပေး ရမလဲဆိုတာကို စဉ်းစားနိုင်လေ ကောင်းလေဖြစ်မှာမို့ အားလုံး အပြုသဘောနှင့် ပါဝင်ပေးကြဖို့ လိုပါလိမ့်မယ်။

ညီ့သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား -

ငြိမ်းချမ်းရေးဟာ တရားဥပဒေစိုးမိုးမှုအောက်မှာသာ ဖြစ်ထွန်းတည်ရှိနိုင်တာဖြစ်လို့ တရားဥပဒေ စိုးမိုးအောင်လည်း လုပ်ဆောင်ကြရပါမယ်။ တရားဥပဒေ စိုးမိုးနိုင်ဖို့အတွက် တည်ဆဲဥပဒေများကို ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်ပြီး ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံဖြစ်အောင် ပြင်သင့်တာပြင်၊ ထားရှိသင့်တာတွေထားရှိဖို့ လိုအပ်ပါတယ်။

တရားမျှတပြီး ပြည်သူများ အမှန်တကယ် လိုက်နာနိုင်သော ဥပဒေများဖြစ်ရေး၊ အမှန်တကယ် လိုက်နာနိုင်ရေးအတွက် တာဝန်ရှိအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များက အမှန်တကယ် တာဝန်ယူတာဝန်ခံ ဆောင်ရွက်နိုင်စွမ်းရှိရမှာ ဖြစ်သလို၊ ပြည်သူများအားလုံးကလည်း ယုံကြည်စွာ ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ညီ့သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား -

ငြိမ်းချမ်းရေး မရှိသေးဘူးဆိုတာဟာ လက်နက်ကိုင်ပဋိပက္ခ တစ်ခုတည်းကြောင့် ဖြစ်တာမဟုတ်ပဲ အမျိုးသားအချင်းချင်း တိုင်းရင်းသားအချင်းချင်း မသင့်မြတ်ခြင်း၊ သဟဇာတမဖြစ်ခြင်း၊ ရန်လိုခြင်း၊ အနိုင်ယူအသာစီးရလိုခြင်းများကြောင့်ဆိုတာကိုလည်း နားလည်သဘောပေါက်ကြပြီလို့

ထင်ပါတယ်။ ထိုကိစ္စများကို သဟဇာတ ညီညွတ်မျှတအောင် မိတ်ဆွေများဖြစ်လာအောင် လုပ်ဆောင်ကြရပါမယ်။

အဆိုပါကိစ္စများအတွက် အဖြေရှာဆောင်ရွက်ပေးရန် ဤညီလာခံကြီးတွင် တာဝန်ရှိလာပါပြီ။ နောင် ဆက်လက်အမွေခံဆောင်ရွက်ကြရမည့် နိုင်ငံခေါင်းဆောင်များ၊ အစိုးရများ၊ ပါတီများ၊ အဖွဲ့ အစည်းများ၊ နိုင်ငံသားများတွင်လည်း တာဝန်ရှိနေပါပြီ။

ဧည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များခင်ဗျား -

ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတောင့်တနေကြတာ ဖြစ်ပါတယ်။ ဒီအတွက် ခေါင်းဆောင်များ၊ တာဝန်ရှိသူများ၏ ဦးဆောင်မှုနှင့် စီမံဆောင်ရွက်မှုနောက်တွင် ပြည်သူများက ထပ်ကြပ်လိုက်ပါ ဆောင်ရွက်ကြမည်သာ ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စု၏ ပြည်သူ့ကိုယ်စားလှယ် တစ်ယောက်အနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့်အညီ ဤညီလာခံကြီးက စေတနာ၊ မေတ္တာ၊ သစ္စာတရားများဖြင့် အစပြု ဆောင်ရွက်ပေးကြပါလို့ တင်ပြတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

## ၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အမှာစကား

၂၀၁၆ခုနှစ်ရဲ့ နှစ်ဦးအစအခါသမယမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အေးအတူ၊ ပူအမျှ စုစည်းတည်ထောင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ အမိပြည်ထောင်စုနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျှော်အမြင်ကြီးမားစွာ ယခုလိုတွေ့ဆုံ ဆွေးနွေးကြတဲ့ သမိုင်းဝင်ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှာ ကျွန်တော့်အနေနဲ့ စကားပြောကြားခွင့်ရတာကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဖွဲ့ ခေါင်းဆောင်ကြီးများ၊ ငြိမ်းချမ်းရေးကို လိုလားကြတဲ့ တိုင်းရင်းသားသွေးချင်းများ၊ ညီလာခံကြီးဖြစ်မြောက်အောင် အဖက်ဖက်မှ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသူ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ပြည်ထောင်စုသားအားလုံး "နှလုံးစိတ်ဝမ်း အေးချမ်း ကြပါစေ " လို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

နိုင်ငံတော်ရဲ့သမိုင်းကြောင်းနဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ တွေ့ကြုံမှုများအရ တပ်မတော်အနေနဲ့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာနဲ့အညီ၊ ခေတ်နဲ့အမီ ဖွံ့ဖြိုးတိုးတက်လာစေဖို့ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေခံလိုအပ်ချက်အဖြစ် အစဉ်တစိုက် တည်ကြည်လေးနက်စွာ ခံယူကျင့်သုံးလျက်ရှိပါတယ်။ ဒီအချက်တွေကို အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက်လည်း တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ပြည်သူအပေါ်မှာ မယိမ်းယိုင်တဲ့ သစ္စာတရားနဲ့ ခေတ်အဆက်ဆက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်အတွက် ကျွန်တော်တို့ နိုင်ငံရဲ့ ပထမဦးဆုံးနဲ့ အရေးကြီးဆုံး လိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေးပဲ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေး အမှန်တကယ် ရရှိစေလိုသော စိတ်ရင်းအမှန်ဖြင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ဒို့တာဝန်

အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်လျက် ရှိပါတယ်။ ငြိမ်းချမ်းရေး ဆောင်ရွက်တဲ့ နေရာမှာလည်း ယခင်အတွေ့အကြုံများအရ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်ဖို့ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒ (၆) ချက်ကို ချမှတ် အကောင်အထည်ဖော်ခဲ့ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ညီအစ်ကိုများအားလုံး ပြန်လည်သင့်မြတ်ရေး အတွက် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ခဲ့ရာမှာလည်း တန်းတူအခွင့်အရေးပေးပြီး အပြန်အလှန် ယုံကြည်မှု၊ လေးစားမှု၊ စာနာထောက်ထားမှုများနဲ့ ကိုယ့်ရဲ့ဆန္ဒကို ရှေ့တန်းမတင်ဘဲ နိုင်ငံတော်ရဲ့ အကျိုးကို သယ်ပိုးထမ်းဆောင်လိုတဲ့စိတ်နဲ့ စိတ်ရှည်သည်းခံစွာ ဆွေးနွေးညှိနှိုင်းခဲ့တဲ့အတွက် NCA (တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုး အတည်ပြုခဲ့ကြပါတယ်။

လက်မှတ်ရေးထိုးမှုမရှိသေးတဲ့အဖွဲ့များအပေါ် တပ်မတော်အနေနဲ့ သံသယ စိတ်မထားဘဲ မိမိတို့ စိတ်ဆန္ဒအတိုင်း အချိန်မရွေး လက်မှတ်ရေးထိုးနိုင်ဖို့ တံခါးဖွင့်ထားသလို နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ ငြိမ်းချမ်းရေး လိုလားတဲ့၊ ပြင်းပြတဲ့ ဆန္ဒအမှန်ကိုလည်း မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးဟာ နှစ်ပေါင်း ၆၀ ကျော် ကြာရှည်နေပြီဖြစ်တဲ့ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကို အချိန်တိုအတွင်း ဖြေရှင်းနိုင်ဖို့အတွက် ကဏ္ဍအသီးသီးကနေ ပါဝင်ပတ်သက်နေတဲ့ Stakeholder တွေရဲ့ စိတ်ရင်းစေတနာကောင်းတွေနဲ့ မဆုတ်မနစ် ကြိုးပမ်းခဲ့ခြင်းရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ ဒီရလဒ် အခွင့်ကောင်းကို လက်မလွှတ်တမ်းဆုပ်ကိုင်ပြီး တိုင်းရင်းသားပြည်သူတွေရဲ့ လိုလားချက် ဖြစ်တဲ့ ဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်ဖြစ်ပေါ်ရေး ကြိုးပမ်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကြရာမှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ သမိုင်းကြောင်း၊ စရိုက် လက္ခဏာနဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာ ကိုက်ညီပြီးမှသာ ဆောင်ရွက်အောင်မြင်ကြတာ တွေ့ရမှာဖြစ်ပါတယ်။ အားလုံးနဲ့ကိုက်ညီတဲ့ Fit for All ပုံစံ၊ ပုံသေနည်း ဆန်ဆန်သီအိုရီပုံစံတွေ မရှိတဲ့အတွက် မြန်မာနဲ့ ကိုက်ညီတဲ့ပုံစံကို ပုံဖော်ယူနိုင်မှ မိမိတို့ ကြိုးစားတည်ဆောက်နေတဲ့ ဒီမိုကရေစီစနစ် ခိုင်မြဲမှာ ဖြစ်ပါတယ်။

ဒီနေ့ ငြိမ်းချမ်းရေးညီလာခံမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ လက်နက်ကိုင်တိုင်းရင်းသား ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ် များ၊ အသိပညာရှင် အတတ်ပညာရှင် ပါဝင်သင့်ပါဝင်ထိုက်သူများ စုံညီစွာ ပါဝင်ဆွေးနွေး ကြမှာဖြစ်လို့ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ ငြိမ်းချမ်းရေးညီလာခံ ဖြစ်တယ်ဆိုတာ အထင်အရှား တွေ့ရမှာဖြစ်တယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးဟာ NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်းမှာ နိုင်ငံတော်အတွက် သမိုင်းသစ်တစ်ခု၊ ဆက်လက် ဆောင်ရွက်ရမယ့် နိုင်ငံရေး

ဆွေးနွေးပွဲများအတွက် ခြေလှမ်းသစ်တစ်ရပ် စတင်ခြင်းဖြစ်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု အပြည့်အဝ မျှော်လင့်ပါတယ်။ ထာဝရငြိမ်းချမ်းရေးနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးနိုင်မယ့် ညီလာခံကြီး အဖြစ်လည်း ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

ဒီမိုကရေစီနဲ့ Federal ကို အခြေခံတဲ့ ပြည်ထောင်စုအရေး ဆွေးနွေးကြတဲ့အခါ လက်နက်ကိုင်ဆောင်ပြီး နိုင်ငံရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်လို့မရနိုင်တဲ့အတွက် ယနေ့နိုင်ငံတကာ ပဋိပက္ခ အပစ်အခတ်ရပ်စဲရေး ဖြေရှင်းဆောင်ရွက်ရာမှာ အသုံးပြုနေတဲ့ DDR/SSR လုပ်ငန်းစဉ်များအတိုင်း သင့်တင့်တဲ့ Time Line သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ မိမိနိုင်ငံမိမိကာကွယ်ရေးအတွက် တပ်မတော်တစ်ရပ်သာ ထားရှိကြတာကို တွေ့ကြရမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့လည်း ယင်းမူဝါဒအတိုင်း ကျင့်သုံးဆောင်ရွက်ပြီး မြန်မာ့တပ်မတော်ကို Standard Army အဖြစ် အဖက်ဖက်က တည်ဆောက်လျက်ရှိပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန်ဆန္ဒရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်များကိုလည်း တပ်မတော်မှာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဖိတ်ခေါ်ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

ယနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသော မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လက်နက်ကိုင် တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်များနှင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ဟာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ စုစည်းထားတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/ တိုင်းဒေသကြီးတို့အတွက် အာဏာသုံးရပ်ခွဲဝေခြင်းကဏ္ဍ၊ အခွန်အခခွဲဝေသုံးစွဲခြင်းကဏ္ဍ၊ သယံဇာတ ခွဲဝေသုံးစွဲခြင်းကဏ္ဍတို့ကို ရသင့်ရထိုက်သည်များ ရရှိရေး နှစ်ဦးနှစ်ဖက်ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားကြရမှာ ဖြစ်တယ်။ ရသင့်ရထိုက်တဲ့ ပြဌာန်းခွင့်များ ရရှိအောင်လည်း ညှိနှိုင်း ဆောင်ရွက်မှုတွေကို ထောက်ခံရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံသမိုင်းမှာ နှစ်ကာလကြာရှည်စွာ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်စေရေးအတွက် အရေးကြီးဆုံး မဖြစ်မနေ ကျင့်သုံးဆောင်ရွက်ရမယ့် မဟာဗျူဟာဟာ “တိုင်းရင်းသား စည်းလုံးညီညွတ်ရေး” ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ဒီနေ့တွေ့ဆုံကြိုးပမ်း ဆောင်ရွက်နေမှုတွေဟာ အနာဂတ် နိုင်ငံတော်အတွက်၊ အနာဂတ် ကျွန်တော်တို့ မြန်မာ့မျိုးဆက်တွေအတွက်ဆိုတာ လေးလေးနက်နက်ခံယူပြီး

စိတ်ရင်းစေတနာမှန်မှန်နဲ့ အောင်မြင် ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့နဲ့ တပ်မတော်အနေနဲ့လည်း အဖြစ်နိုင်ဆုံး/ အကောင်းဆုံးဖြစ်အောင် အားပေးထောက်ခံ ပူးပေါင်းဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

## ၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကား

ပထမဦးစွာ ယနေ့ကြွရောက်လာကြသော နိုင်ငံတော်အစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ တပ်မတော်နှင့် အခြားအဖွဲ့တွေကို ကိုယ်စားပြုပြီး တက်ရောက်လာကြတဲ့ ပြည်ထောင်စုတိုင်းရင်းသား ညီအကိုမောင်နှမများအားလုံးအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ၂၀၁၆ ခုနှစ်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရန် ဝိုင်းဝန်းကြိုးပမ်းကြသော နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် နာယကကြီးဦးဆောင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်တဲ့ တပ်မတော်နှင့် တပ်မတော်သားကိုယ်စားလှယ်များ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန MPC မှ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ UPWC မှ တာဝန်ရှိသူများ အားလုံးရဲ့ ဆောင်ရွက်မှုများကြောင့် ယခုလို ငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပနိုင်ခြင်း ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပြည်ထောင်စုအတွင်း တိုင်းရင်းသားများ အားလုံးရဲ့ တန်းတူရည်တူ အခွင့်အရေးများကို လေးစားအကောင်အထည်ဖော်၍ ပြည်ထောင်စုသား အချင်းချင်း အကြား သဟဇာတဖြစ်ရေးမှုကို ခိုင်ခိုင်မာမာ စွဲကိုင်ခဲ့ပါတယ်။ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုတို့ဖြင့် စားပွဲဝိုင်းဖြေရှင်းနည်းကို ကျင့်သုံးပြီး ပင်လုံစိတ်ဓါတ်ကိုအခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရန်မှာ ကျွန်မတို့ အဖွဲ့ချုပ် တည်ထောင်စဉ်ကတည်းက မူတွေပဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာစာချုပ်ဟာ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး အတွက် အစခြေလှမ်းသာဖြစ်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် မလွှဲမသွေကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများ အချင်းချင်းကြားမှာ NCA စာချုပ်ကို လက်မှတ်ရေးထိုးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနဲ့ လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအချင်းချင်း စိတ်ဝမ်း မကွဲပြားဖို့ အရေးကြီးပါတယ်။

မတရားအသင်းမှ ပယ်ဖျက်ခံရပြီးဖြစ်သော လက်နက်ကိုင်အဖွဲ့များနဲ့ မတရားအသင်းမှ ပယ်ဖျက်ခြင်းမခံရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြားမှာ နားလည်မှုလွဲမှားခြင်းမဖြစ်ဖို့ ဂရုစိုက်ရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ဖို့ အထူးလိုအပ်လှပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များမှာ လျစ်လျူရှုထားလို့

မရနိုင်ပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲနဲ့ တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးကို ဘယ်လိုမှ မတည်ဆောက်နိုင်ပါ။

ယခုအချိန်မှာ ပြည်သူပြည်သား တိုင်းရင်းသားများက ကျွန်မတို့ကို ပေးထားသော လုပ်ပိုင်ခွင့် အာဏာ Mandate အပေါ် အခြေခံ၍ ထာဝရငြိမ်းချမ်းရေး ရယူရမယ့်တာဝန်ကို ထမ်းဆောင်ဖို့ အဆင်သင့်ရှိပါတယ်။ အားလုံးက ပူးပေါင်းပါဝင်ကူညီကြမယ်လို့လည်း ကျွန်မ မျှော်လင့်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ချမှတ်ခြင်း Framework for Political Dialogue မှာ အခြေအနေ အချိန်အခါအရ လိုအပ်သလို ပြုသာပြင်သာ Flexible ဖြစ်ရန် လိုအပ်ပါတယ်။ ပြန်လည်ပြင်ဆင်ဖို့ခက်ခဲမယ့် အပြောင်းအလဲများလည်း ရှိနေတတ်တာကြောင့် မို့လို့ အနာဂတ် လုပ်ငန်းစဉ်များကို ချမှတ်ရာမှာ သတိထားပြီး ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အာဏာကြီးသုံးရပ်ရဲ့ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို သတိမူ၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီး လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်မှာပါ။ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်းရဲ့ အသီး အပွင့်များဖြင့် ပြည်ထောင်စုတိုင်းရင်းသားများရဲ့ ငြိမ်းချမ်းရေးအိပ်မက်ကို အကောင်အထည် ဖော်နိုင်ပါလိမ့်မယ်။ ကျွန်မတို့ဟာ ၂၁ ရာစုနှစ်နဲ့ ကိုက်ညီမှုရှိတဲ့ ပင်လုံညီလာခံမျိုးကို မျှော်လင့်ပါတယ်။ တစ်ချိန်က တိုင်းရင်းသားများအားလုံး တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်ခဲ့ ခြင်းကြောင့် ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးကို ရရှိခဲ့ပါတယ်။ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို ရောက်ရှိခဲ့ပါတယ်။

တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဟာ တစ်ကွဲတစ်ပြားစီ လုပ်ဆောင် ခြင်းထက် ပိုပြီးတော့ထိရောက်မှုရှိတယ်ဆိုတဲ့ သာဓကဖြစ်ပါတယ်။ ယခုလည်း တိုင်းရင်းသား အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို မြန်မြန်ဆန်ဆန် အောင်အောင်မြင်မြင် ရောက်နိုင်ပါတယ်။ တိုင်းရင်းသားများ အသီးသီးရဲ့ မျှော်လင့်ချက်များကို စုပေါင်းပြီး အကောင်အထည် ဖော်နိုင်တယ်ဆိုတဲ့ အတွေးအခေါ်အယူအဆဟာ ၂၀ ရာစုက စခဲ့ပေမယ့် ၂၁ ရာစုနှစ်အတွက်ပါ လိုအပ်တဲ့ ပင်လုံစိတ်ဓါတ် တစ်နည်းအားဖြင့် ပြည်ထောင်စု စိတ်ဓါတ်ပဲ ဖြစ်ပါတယ်။

ယခုအခါ ဆက်သွယ်ရေးနည်းပညာ တိုးတက်မှုများကြောင့် ကမ္ဘာတစ်ဝှမ်း အချိန်နဲ့ တပြေးညီ ဆက်သွယ်မှုတွေ ရှိနေပါတယ်။ ယင်းနည်းပညာသစ် အခွင့်အလမ်းသစ်များကို အသုံးချပြီး ယခင်က မစွမ်းဆောင်နိုင်ခဲ့တာမျိုးကို အခုအခါမှာ အောင်အောင်မြင်မြင် လုပ်နိုင် ခြင်းဖြင့် ၂၁ ရာစု ညီလာခံကြီးကို ကျင်းပနိုင်မှာပါ။ တိုင်းရင်းသားများအားလုံး အပြန်အလှန် နားလည်မှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံး စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသစ်ကိုတည်ဆောက်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စည်းလုံး ညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်ပါတယ်။ မိမိတို့အချင်းချင်း ယခုဖြစ်ပွားနေတဲ့ တိုက်ပွဲများကို မိသားစုစိတ်ဓါတ်ကို အခြေခံပြီး ရင့်ကျက်တဲ့ နိုင်ငံရေးစံနှုန်းများကို ပြုစုပျိုးထောင်ခြင်းအားဖြင့် အမြန်ဆုံးရပ်စဲသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

ယနေ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအကိုမောင်နှမများနဲ့တကွ နိုင်ငံသူနိုင်ငံသား အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းစေရန်အတွက် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အမြန်ဆုံး အကောင်အထည် ဖော်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။

## ၁၀။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၏ အမှာစကား

ချစ်ကြည်လေးစားရပါသော နိုင်ငံတော်သမ္မတကြီးနှင့်တကွ ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြတဲ့ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ တပ်မတော် အရာရှိကြီးများ၊ လွှတ်တော်နာယကနဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပါတီခေါင်းဆောင်များ၊ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဘက်ပေါင်းစုံကနေ တစိုက်မတ်မတ် အထောက်အကူ ပြုနေကြတဲ့ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ပြည်တွင်းမှ ဧည့်သည်တော်ကြီးများ၊ အစုအဖွဲ့အသီးသီးမှ ညီလာခံ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားခြင်းခံထားရတဲ့ ပြည်တွင်း ဧည့်သည်တော်များနဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးရရှိရေးအတွက် အင်တိုက်အားတိုက်ပါဝင်ခဲ့ကြတဲ့ နစ်ဖက်ခေါင်းဆောင် ကိုယ်စားလှယ်များ၊ အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများနဲ့ သတင်း မီဒီယာများ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ နှလုံးစိတ်ဝမ်း ငြိမ်းချမ်း ကြပါစေလို့ ရှေးဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဒီကနေ့ဟာ NCA လက်မှတ်ရေးထိုးပြီး (၈၈) ရက်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ ကျွန်တော်တို့ NCA လက်မှတ် ရေးထိုးထားတဲ့ အဖွဲ့အစည်းများအနေနဲ့ NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀) အတွင်း နောက်ထပ်အရေးပါတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်ရမယ်ဆိုတဲ့ အချက်ကို ပူးတွဲ အကောင်အထည်ဖော်ကြတာလည်း ဖြစ်ပါတယ်။ ရွေးကောက်ပွဲအပြီး အစိုးရသစ်ဖွဲ့စည်းရေး ဆိုင်ရာ နိုင်ငံတော်အာဏာအပြောင်းအလွဲတွေရှိတာကြောင့် လက်ရှိအစိုးရက အစပြု အကောင် အထည်ဖော်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အရေးပါတဲ့ နိုင်ငံရေး ဆွေးနွေးပွဲစတင်ရေးဆိုင်ရာ ကိစ္စတွေကို ဆက်လက်အကောင်အထည်ဖော်ခြင်းလည်း ဖြစ်ပါတယ်။ ဒီ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံဟာ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ရက်ပေါင်း (၉၀) အတွင်း အကောင်အထည်ဖော်ရမယ့် ကိစ္စကိုစတင်ရင်း၊ နောင်နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရမယ့်

အစိုးရကလည်း လက်ဆင့်ကမ်းသယ်ဆောင်ရမယ့် အရေးပါတဲ့ ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်ရေး အတွက် ရည်ရွယ်ပြုလုပ်တဲ့ ငြိမ်းချမ်းရေးညီလာခံ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ တိုင်းပြည်ရဲ့ ပြဿနာအရပ်ရပ်ကို နိုင်ငံရေးအရ ညှိနှိုင်းဖြေရှင်းမယ့် လုပ်ငန်းစဉ်တစ်ခုလုံးရဲ့ အစလည်း ဖြစ်ပါတယ်။

ဒီလိုပွင့်ဟလာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတံခါးပေါက်ကနေ ပိုမိုပြည့်စုံပြီး အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲ တွေဖြစ်လာဖို့ ဆက်လက်ကြိုးစား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ Waiting Game ကို ကစားသလို မလုပ်ဘဲ နိုင်ငံရေးပီပီပြင်ပြင် လုပ်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အစိုးရအသွင်သဏ္ဍာန် အမျိုးမျိုးနှင့်မတူညီတဲ့ သမိုင်းနောက်ခံနဲ့ လူမျိုးစုံ ရောပြွန်းနေထိုင်ခဲ့တဲ့ နိုင်ငံတစ်ခုရဲ့ အတွေ့အကြုံကို ကိုယ်စီ ရရှိထားကြတဲ့အတွက် လက်တွေ့ကျတဲ့ တစ်ဆင့်စီ တက်လှမ်းအကောင်အထည်ဖော်ခြင်း နည်းလမ်းသာလျှင် အကောင်းဆုံး မဟာဗျူဟာ တစ်ခုလို့ နက်နက်ရှိုင်းရှိုင်း ယုံကြည်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အထူးလိုအပ်နေပါတယ်။ နိုင်ငံရဲ့ ပြဿနာ အရပ်ရပ်ကို ဖြေရှင်းဖို့ အားလုံးလိုလားကြပေမယ့် ပြဿနာအပေါ်မှာ ရှုမြင်တဲ့ အမြင်တွေက ကွဲပြားခြားနားမှု ရှိတတ်ကြပါတယ်။ ပြဿနာရဲ့ အဖြေကို ချဉ်းကပ်တဲ့ လမ်းကြောင်းလည်း မတူညီကြပါဘူး၊ နိုင်ငံရဲ့ အရေးပါတဲ့ Institutions တွေရဲ့ အတွေးအခေါ် တည်ဆောက်မှုတွေ မတူညီကြပါဘူး၊ ပထဝီအရ ကွဲပြားနေကြသလို တိုင်းရင်းသားလူမျိုးတွေရဲ့ သမိုင်းနောက်ခံတွေနဲ့ ရှုန်းကန်မှုတွေမှာလည်း မတူညီကြပါဘူး။ ဒါတွေကို အသိအမှတ်ပြုပြီး အားလုံး လက်ခံနိုင်တဲ့ အခြေခံတစ်ခုတည်ဆောက်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်ကြရမှာ ဖြစ်ပါ တယ်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို Elite လို့ခေါ်တဲ့ နိုင်ငံရေးအထက်တန်းလွှာတွေ အကြားမှာ လုပ်ဖို့လိုအပ်သလို ကွဲပြားတဲ့ အယူအဆရှိနေကြတဲ့ လူ့အဖွဲ့အစည်းတွေအကြား၊ နိုင်ငံ့ပြဿနာရှုမြင်မှု၊ အမြင်သဘောထားမတူညီသူတွေအကြား၊အစိုးရနဲ့ အုပ်ချုပ်ခံပြည်သူလူထု အကြားကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဖို့လည်းလိုအပ်ပါတယ်။ ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ ယန္တရားဖန်တီးတည်ဆောက်ပြီး အကောင်အထည်ဖော်ကြဖို့ လိုအပ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံဟာလည်း နိုင်ငံရေးဆိုင်ရာ ယုံကြည်မှု တည်ဆောက်ရေး ယန္တရားတစ်ခုဖြစ်ပါလိမ့်မယ်။

ဒီကနေ့ရထားတဲ့ အဆင့်ကနေ နောက်ဆက်လက်ပြီး အစိုးရသစ်အနေဖြင့် လက်ဆင့် ကမ်းပြီး ဆက်လက် အကောင်အထည်ဖော်ဖို့အတွက် လုံလောက်တဲ့ အခြေခံကို ဒီကနေ့ဖွင့်ပွဲကစ၍ ၅ ရက်တာ ကာလ ကျင်းပမယ့် ညီလာခံပွဲကနေ ချထားနိုင်ကြမယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ခု တင်ပြချင်တာကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လိုအပ်သလိုပြင်ဆင်ပြီးမှသာ လုံခြုံစိတ်ချနိုင်တဲ့ အမျိုးသား

ပြန်လည်ရင်ကြားစေ့ရေးကို ရရှိမှာဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို သေချာစေမှာ ဖြစ်ကြောင်းလည်း ထောက်ပြလိုပါတယ်။

ဖွဲ့စည်းပုံပြင်ဆင်ရာမှာလည်း အခြေခံလမ်းကြောင်းနှစ်ခုရှိပါတယ်။ လွှတ်တော်အတွင်း ပြင်ဆင်မှု လမ်းကြောင်းဖြစ်တဲ့ နိုင်ငံရေးအရတာဝန်ရှိသူများအကြား အခြေခံဥပဒေ နှင့်အညီ ပါဝင်ပြင်ဆင်တဲ့ လမ်းကြောင်းနဲ့ လွှတ်တော်ပြင်ပလမ်းကြောင်းလို့ခေါ်လို့ရတဲ့ အခု ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖြစ်ပြီး ပါဝင်သင့်၊ ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်တဲ့အတွက် အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးကို ဦးတည်သော နိုင်ငံရေးလမ်းကြောင်းတို့ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလမ်းကြောင်း နှစ်ခုကို ချိန်ခွင်လျှာညှိပြီးသွားမှသာ အမှန်တကယ် ပဋိပက္ခများချုပ်ငြိမ်းစေမယ့် နိုင်ငံရေး အဖြေရရှိမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့အတူ ဖက်ဒရယ်ပြည်ထောင်စုကိုလည်း တပါတည်း အောင်မြင်စွာ တည်ဆောက်သွားနိုင်မှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်တဲ့ လက်ရှိအစိုးရနဲ့ အသစ် ဖွဲ့စည်းမယ့် အစိုးရအဖွဲ့သစ်ကိုသော်လည်းကောင်း၊ ညီအစ်ကိုတော်များဖြစ်တဲ့ NCA လက်မှတ် ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မထိုးရသေးတဲ့ အဖွဲ့အစည်းများကို သော်လည်းကောင်း၊ ရွေးကောက်ခြင်းခံရသည်ဖြစ်စေ၊ ရွေးကောက်ခြင်းမခံရသည်ဖြစ်စေ တရားဝင် မှတ်ပုံတင်ထားကြတဲ့ နိုင်ငံရေးပါတီများကိုသော်လည်းကောင်း၊ ဒီမိုကရေစီရေးအတွက် လှုပ်ရှား ရုန်းကန်တဲ့ ခရီးကြမ်းမှာ ပါဝင်ခဲ့ကြတဲ့ ကဏ္ဍပေါင်းစုံက သက်ဆိုင်သူများအားလုံးကို အလေး အနက်တောင်းဆိုလိုတာက ၂၀၁၆ နှစ်သစ်မှာ ဘယ်လိုပဲ စိန်ခေါ်မှုတွေ ရှိနေပါစေ၊ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေပြုတဲ့ လက်တွေ့ကျပြီး အားလုံးလက်ခံနိုင်တဲ့အဖြေကို အတူတကွရှာဖွေကြပါ။ သမိုင်းတင် ကျန်ရစ်မယ့် ယခုတိုင်းပြုပြည်ပြု ညီလာခံကြီးမှာ တက်ကြွစွာပါဝင်ပြီး ညီညွတ်မှုအခြေခံဖြင့် ဆွေးနွေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၁၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပပုံအဆင့်ဆင့်

ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့မှ (၁၆) ရက်နေ့အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ကျင်းပခဲ့သည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ (၁၂) ရက်နေ့ နံနက် (၉) နာရီတွင် စတင် ကျင်းပပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ကေအင်န်ယူ-ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးတို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာ လျန်မှုန်းဆာခေါင်းမှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အနှစ်ချုပ်ကိုလည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းမှ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် စိုင်းကျော်ညွှန့်မှ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုဆိုင်ရာမူဘောင် အနှစ်ချုပ်ကိုလည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဖွဲ့ဝင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်မှ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်တီ (JMC) ၏ လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း အသီးသီး တင်ပြကြပြီး ဖွင့်ပွဲအခမ်းအနား ပြီးဆုံးခဲ့သည်။

မွန်းလွဲပိုင်းတွင် ညီလာခံတက်ရောက်လာကြသော အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့များမှ ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ အစုအဖွဲ့အလိုက် တွေ့ဆုံကြပြီး သဘာပတိများရွေးချယ်ခြင်း၊ ညီလာခံကျင်းပမည့်ပုံစံနှင့် အစီအစဉ်များ ရှင်းလင်းခြင်းနှင့် ညီလာခံဆိုင်ရာစည်းမျဉ်းစည်းကမ်းများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ညီလာခံတွင်ဆွေးနွေးကြမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍများတွင်ပါဝင်သော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ညီလာခံဒုတိယနေ့ဖြစ်သော ဇန်နဝါရီလ (၁၃) ရက်နေ့တွင် အစုအဖွဲ့ (၇) ခုမှ ကိုယ်စားလှယ်များသည် အထက်ဖော်ပြပါ ကဏ္ဍ (၅) ခုမှ အကြောင်းအရာများအား သက်ဆိုင်ရာ အစုအဖွဲ့များအတွင်း ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးရာတွင် ကဏ္ဍအလိုက် အစုအဖွဲ့ငယ်များ ခွဲ၍လည်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဇန်နဝါရီလ (၁၄) ရက်နှင့် (၁၅) ရက်တို့တွင် ကျင်းပရန်စီစဉ်ထားသော ကဏ္ဍအလိုက်ဆွေးနွေးပွဲများသို့ တင်ပြရန်အတွက် ဆွေးနွေးချက်များစုစည်းခြင်းနှင့် အဆိုပါ ဆွေးနွေးပွဲများသို့တက်ရောက်မည့် ကိုယ်စားလှယ်များ သတ်မှတ်ရွေးချယ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ညီလာခံတတိယနေ့ဖြစ်သော ဇန်နဝါရီလ (၁၄) ရက်တွင် ညီလာခံကိုယ်စားလှယ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်စသည့် ကဏ္ဍ (၅) ရပ်တို့အား အစုအဖွဲ့များခွဲ၍ ဆွေးနွေးခဲ့ကြသည်။ ယင်းအစုအဖွဲ့တစ်ခုချင်းစီတွင် ညီလာခံ

ကိုယ်စားလှယ် အစုအဖွဲ့ (၇) ခုမှ ပုဂ္ဂိုလ်များ ပါဝင်ကြသည်။ ရှေးဦးစွာ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ခုချင်းစီမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် မိမိတို့အစုအဖွဲ့၏ဆွေးနွေးချက်များကို မိနစ် (၃၀) စီ အချိန်ယူ၍ တင်ပြခဲ့ကြသည်။ အစုအဖွဲ့အားလုံးတင်ပြပြီးသည့်နောက်တွင် အစုအဖွဲ့ တစ်ခုလျှင် မိနစ် (၂၀) စီ အချိန်ယူ၍ အခြားအစုအဖွဲ့များ၏ မေးခွန်းများအား ဖြေကြားခြင်းနှင့် ဖြည့်စွက်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် အပြန်အလှန်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ကြသည်။ (အဆိုပါ ဆွေးနွေးမှုများအတွင်း အစုအဖွဲ့ကိုယ်စားပြု၍သော် လည်းကောင်း၊ တသီးပုဂ္ဂလအနေဖြင့်သော်လည်းကောင်း ဆွေးနွေးတင်ပြမှုများလည်း ရှိခဲ့ သည်။)

ညီလာခံစတုတ္ထနေ့ဖြစ်သော ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ညီလာခံကိုယ်စားလှယ်များ သည် ဇန်နဝါရီလ (၁၄) ရက်နေ့တွေ့စုဖွဲ့ထားသော ကဏ္ဍအလိုက် အစုအဖွဲ့များ အတိုင်း ပြန်လည်တွေ့ဆုံ၍ ကဏ္ဍ (၅) ရပ်အပေါ် ဆက်လက် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကိုယ်စားလှယ်အစုအဖွဲ့ (၇) ခုမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးထားသည့် ကဏ္ဍအလိုက် ဆွေးနွေးချက်များအား စုစည်းခဲ့ကြသည်။

ညီလာခံနောက်ဆုံးနေ့ ဇန်နဝါရီလ (၁၆) ရက်နေ့ နံနက်ပိုင်းတွင် ညီလာခံကိုယ်စားလှယ် များသည် အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပါဝင်သင့်ပါဝင်ထိုက်သူများစသည့် မိမိတို့ ကိုယ်စားလှယ်အစုအဖွဲ့များအတိုင်း ပြန်လည်တွေ့ဆုံ၍ ဆွေးနွေးသည့်ကဏ္ဍအလိုက် အစု အဖွဲ့များမှ စုစည်းထားသော ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ညီလာခံပိတ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ရှေးဦးစွာ သဘာပတိ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းမှ အဖွင့်အမှာစကားပြောကြားပြီး အောက်ပါကဏ္ဍများ အလိုက်ပြုစုထားသော ဆွေးနွေးချက်စုစည်းမှုများအား ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၇) ခုမှ ကိုယ်စားလှယ် (၁၅) ဦးက ကဏ္ဍတစ်ခုလျှင် မိနစ် (၃၀) စီ အချိန်ယူ၍ ဖတ်ကြားတင်သွင်းကာ ညီလာခံမှ အတည်ပြုခဲ့သည်။

(က) နိုင်ငံရေး - ဖက်ဒရယ်စနစ်တွင် အခြေခံသင့်သည့်မူများ (ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များ)

(ခ) လူမှုရေး - ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ်စွန့်ခွါတိမ်းရှောင်သူများ (IDPs) ကိစ္စရပ်များ

(ဂ) စီးပွားရေး - အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း (Tax and Revenue Sharing)

(ဃ) လုံခြုံရေး - နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသင့်သည့်မူများ

(င) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ - သဘာဝသယံဇာတ စီမံ ခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များ

ဆက်လက်၍ အစိုးရအစုအဖွဲ့မှ ဦးလှမောင်ရွှေ၊ တပ်မတော်အစုအဖွဲ့မှ ဗိုလ်ချုပ်မြင့်နွယ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် လွှတ်တော်များအစုအဖွဲ့မှ ဦးခက်ထိန်နန်တို့က ညီလာခံသို့ အဆိုပြုချက် (၄) ရပ်တင်သွင်း၍ ညီလာခံမှ အတည်ပြုခဲ့သည်။

ထို့နောက် ညီလာခံမှအတည်ပြုပြီးသော ကဏ္ဍ (၅) ခုနှင့်ပတ်သက်သည့် ဆွေးနွေးချက် စုစည်းမှုများအား ညီလာခံကိုယ်စား ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ (၃) ဦးမှ နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြသည်။

နိဂုံးချုပ်အနေနှင့် ဒုတိယသမ္မတက မိန့်ခွန်းပြောကြားကာ ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

## ၁၂။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပရေးဗဟိုကော်မတီ ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၂၉) ရက်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၇၇/၂၀၁၅) အရ ဒုတိယသမ္မတ ဦးဆောင်၍ ဖွဲ့စည်းခဲ့သည်။

| | | |
|---|---|---|
| (က) | ဒေါက်တာစိုင်းမောက်ခမ်း<br>ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဗိုလ်ချုပ်ကြီးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးရဲထွဋ်<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (င) | ဦးစိုးသိန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၃) | အဖွဲ့ဝင် |
| (စ) | ဦးဉာဏ်ထွန်းအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဦးတင့်ဆန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
အားကစားဝန်ကြီးဌာန

(ဇ) ဒေါက်တာသန်းအောင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ဦးဌေးအောင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ည) ဦးအောင်မင်း အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၄)

(ဋ) ဦးအောင်သိမ်း တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပရေး ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီများကို သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းခဲ့သည်။

**(က) ဖိတ်ကြားရေးကော်မတီ**

| | |
|---|---|
| (၁) ဦးအောင်မင်း | ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန (၄) |
| (၂) ဦးအောင်နိုင်ဦး | Myanmar Peace Center |
| (၃) ဦးကျော်သူရ | Myanmar Peace Center |
| (၄) ဆလိုင်းရမ်ကုလ်ကျုံး | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ |

**(ခ) တည်းခိုနေထိုင်ရေးကော်မတီ**

| | |
|---|---|
| (၁) ဦးဇော်ဝင်း | ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန |
| (၂) ညွှန်ကြားရေးမှူးချုပ် | အားကစားနှင့် ကာယပညာဦးစီးဌာန |
| (၃) ဦးလှမြင့် | Myanmar Peace Center |
| (၄) ဦးဇာနည်ထွန်း | Myanmar Peace Center |
| (၅) မိုင်ကေရီ | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ |

**(ဂ) သယ်ယူပို့ဆောင်ရေးကော်မတီ**

| | |
|---|---|
| (၁) ဦးချန်မောင် | ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ဝန်ကြီးဌာန |
| (၂) ညွှန်ကြားရေးမှူး | ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန |
| (၃) ညွှန်ကြားရေးမှူး | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန |
| (၄) ဦးတင်အောင်မိုး | Myanmar Peace Center |
| (၅) စောနီမရော့ | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ |

**(ဃ) ဧည့်ခံကျွေးမွေးရေးကော်မတီ**

| | |
|---|---|
| (၁) ဒေါက်တာစိုင်းကျော်အုန်း | ဒုတိယဝန်ကြီး၊ |
| ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန | |
| (၂) ဦးကျော်စွာမြင့် | Myanmar Peace Center |
| (၃) နန်စီ | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ |

**(င) ဖွင့်ပွဲနှင့်အစည်းအဝေးအခမ်းအနား ကျင်းပရေးကော်မတီ**

| | |
|---|---|
| (၁) ဦးသန်းကျော်ထူး | ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ကောင်စီ |
| (၂) ဦးဇော်ထွန်း | ညွှန်ကြားရေးမှူး၊ MICC-II |
| (၃) ဦးထွန်းထွန်းစိုး | Myanmar Peace Center |
| (၄) ထွယ်ပန် | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ |

**(စ) လုံခြုံရေးကော်မတီ**

| | |
|---|---|
| (၁) ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) ရဲမှူးချုပ်မျိုးဆွေဝင်း | နေပြည်တော်တိုင်း ရဲတပ်ဖွဲ့မှူး |
| (၃) ဒေါက်တာမင်းဇော်ဦး | Myanmar Peace Center |
| (၄) ဦးထွန်းထွန်းစိုး | Myanmar Peace Center |
| (၅) ဒုဗိုလ်မှူးကြီးစိုင်းဟာန် | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ |

**(ဆ) ပြန်ကြားရေးကော်မတီ**

| | |
|---|---|
| (၁) ဦးအောင်သိမ်း | ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) ဦးအောင်နိုင်ဦး | Myanmar Peace Center |

(၃) ဦးညိုအုန်းမြင့် — Myanmar Peace Center

(၄) အားဆန် — တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

**(ဈ) ကျန်းမာရေးကော်မတီ**

(၁) ဒေါက်တာဝင်းမြင့် — ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

(၂) ဒေါက်တာရေဗက္ကာထင် — Myanmar Peace Center

(၃) ဦးထွန်းထွန်းစိုး — Myanmar Peace Center

(၄) ဂရေ့စ် — တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

**(ည) ဘဏ္ဍာရေးကော်မတီ**

(၁) ဦးစိုးသိန်း — ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန (၃)

(၂) ဦးကျော်စိုးလှိုင် — Myanmar Peace Center

(၃) ခွန်ထွယ် — တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

## ၁၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ သဘာပတိအဖွဲ့များနှင့် အကျိုးဆောင်များ

*သဘာပတိများ - ပထမနေ့နံနက်ပိုင်း (စုံညီအစည်းအဝေး)*

| စဉ် | အမည် | ကိုယ်စားပြုအစုအဖွဲ့ |
|---|---|---|
| ၁။ | ဦးအောင်မင်း<br>ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန (၄) | အစိုးရ |
| ၂။ | ဦးသိန်းဇော်<br>ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝဖြံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ | လွှတ်တော်များ |
| ၃။ | ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်<br>စစ်ဥပဒေချုပ် | တပ်မတော် |
| ၄။ | ပဒိုစောကွယ်ထူးဝင်း<br>အထွေထွေအတွင်းရေးမှူး၊<br>ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |

| | | |
|---|---|---|
| ၅။ | ဦးစိုင်းအိုက်ပေါင်း<br>ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | နိုင်ငံရေးပါတီများ |

*သဘာပတိများ - ပထမနေ့မွန်းလွဲပိုင်း (အစုအဖွဲ့အလိုက်ဆွေးနွေးခြင်း)*

| စဉ် | အမည် | အစုအဖွဲ့ |
|---|---|---|
| ၁။ | | အစိုးရ |
| ၂။ | | |
| ၃။ | | |
| ၄။ | ဦးလှထွန်း<br>ပြည်သူ့လွှတ်တော် | လွှတ်တော်များ |
| ၅။ | ဦးအောင်ဆန်း<br>ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | |
| ၆။ | ဦးဌေးလွင်<br>မွန်ပြည်နယ်လွှတ်တော် | |
| ၇။ | ဗိုလ်ချုပ် တင်မောင်ဝင်း<br>တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်<br>(ကြည်း၊ ရေ၊ လေ) | တပ်မတော် |
| ၈။ | ဗိုလ်ချုပ် စိုးနိုင်ဦး<br>ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊<br>စစ်မဟာဗျူဟာလေ့လာရေး | |
| ၉။ | ဗိုလ်ချုပ် မြင့်နွယ်<br>ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန | |
| ၁၀။ | ခိုင်စိုးနိုင်အောင်<br>ဒုတိယဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ | တိုင်းရင်းသား<br>လက်နက်ကိုင်<br>အဖွဲ့အစည်းများ |
| ၁၁။ | Salai Kipp Kho Lian<br>အလှည့်ကျဥက္ကဋ္ဌ၊ ချင်းအမျိုးသားတပ်ဦး | |
| ၁၂။ | ဗိုလ်မှူးကြီး ထူးထူးလေး<br>အကြံပေး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်<br>(DKBA) | |
| ၁၃။ | ဦးဖိုးမင်း<br>ဒုတိယဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ | နိုင်ငံရေးပါတီများ |
| ၁၄။ | ဦးနိုင်လှခိုင် | |

| | | |
|---|---|---|
| | ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊<br>မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ<br>ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) | |
| ၁၆။ | ဦးလှကျော်အောင် (ရခိုင်တိုင်းရင်းသား) | တိုင်းရင်းသား ကိုယ်စားလှယ်များ |
| ၁၇။ | ဦးနိုင်တလည်ဳ (မွန်တိုင်းရင်းသား) | |
| ၁၈။ | ဦးစောခင်ထွန်း (ကရင်တိုင်းရင်းသား) | |
| ၁၉။ | ဒေါ်အော်လေဗီးယားမူဆူး (ကယောတိုင်းရင်းသား) | |
| ၂၀။ | ဒေါ်ခင်သန်းမြင့် (ဗမာတိုင်းရင်းသား) | |
| ၂၁။ | ဦးစိုင်းထွန်းရီ (ရှမ်းမျိုးနွယ်စု) | |
| ၂၂။ | ဒေါ်ရေဂျီနာ (ကချင်တိုင်းရင်းသား) | |
| ၂၃။ | ဒေါ်အေးအေးငွန် (ချင်းတိုင်းရင်းသား) | |
| ၂၄။ | ဦးလှမောင်ရွှေ | ပါဝင်သင့်ပါဝင်ထိုက်သူများ |
| ၂၅။ | ဦးကိုကိုကြီး | |
| ၂၆။ | ဒေါ်ဆိုင်းရော် | |

*သဘာပတိများ - ဒုတိယနေ့ (အစုအဖွဲ့အလိုက်ဆွေးနွေးခြင်း)*

| စဉ် | အမည် | အစုအဖွဲ့ |
|---|---|---|
| ၁။ | | အစိုးရ |
| ၂။ | | |
| ၃။ | | |
| ၄။ | ဦးလှထွန်း<br>ပြည်သူ့လွှတ်တော် | လွှတ်တော်များ |
| ၅။ | ဦးအောင်ဆန်း<br>ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | |
| ၆။ | ဦးဌေးလွင်<br>မွန်ပြည်နယ်လွှတ်တော် | |
| ၇။ | ဗိုလ်ချုပ် တင်မောင်ဝင်း<br>တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ် (ကြည်း၊ ရေ၊ လေ) | တပ်မတော် |
| ၈။ | ဗိုလ်ချုပ် စိုးနိုင်ဦး<br>ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ | |

| | | |
|---|---|---|
| | စစ်မဟာဗျူဟာလေ့လာရေး | |
| ၉။ | ဗိုလ်ချုပ် မြင့်နွယ်<br>ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန | |
| ၁၀။ | နိုင်စိုးနိုင်အောင်<br>ဒုတိယဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| ၁၁။ | Salai Kipp Kho Lian<br>အလှည့်ကျဥက္ကဋ္ဌ၊ ချင်းအမျိုးသားတပ်ဦး | |
| ၁၂။ | ဗိုလ်မှူးကြီး ထူးထူးလေး<br>အကြံပေး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) | |
| ၁၃။ | ဦးဖိုးမင်း<br>ဒုတိယဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ | နိုင်ငံရေးပါတီများ |
| ၁၄။ | ဦးနိုင်လှခိုင်<br>ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊<br>မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ<br>ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) | |
| ၁၆။ | ဦးလှကျော်အောင် (ရခိုင်တိုင်းရင်းသား) | တိုင်းရင်းသားကိုယ်စားလှယ်များ |
| ၁၇။ | ဦးနိုင်တလညီ (မွန်တိုင်းရင်းသား) | |
| ၁၈။ | ဦးစောခင်ထွန်း (ကရင်တိုင်းရင်းသား) | |
| ၁၉။ | ဒေါ်အော်လေဗီးယားမူဆူး (ကယောတိုင်းရင်းသား) | |
| ၂၀။ | ဒေါ်ခင်သန်းမြင့် (ဗမာတိုင်းရင်းသား) | |
| ၂၁။ | ဦးစိုင်းထွန်းရီ (ရှမ်းမျိုးနွယ်စု) | |
| ၂၂။ | ဒေါ်ရေဂျီနာ (ကချင်တိုင်းရင်းသား) | |
| ၂၃။ | ဒေါ်အေးအေးငွန် (ချင်းတိုင်းရင်းသား) | |
| ၂၄။ | ဖိုးသောကြာ (ခေါ်) ဦးခင်မောင်လေး - နံနက်ပိုင်း<br>ဦးကျော်ဝင်း - မွန်းလွဲပိုင်း | ပါဝင်သင့်ပါဝင်ထိုက်သူများ |
| ၂၅။ | ဒေါက်တာသောင်းထွန်း - နံနက်ပိုင်း<br>ဒေါက်တာစောမာတာ - မွန်းလွဲပိုင်း | |
| ၂၆။ | ဒေါ်နုမြဇံ - နံနက်ပိုင်း<br>ဒေါက်တာညိုညိုသင်း - မွန်းလွဲပိုင်း | |

*သဘာပတိနှင့် အကျိုးဆောင်များ - တတိယနေ့၊ စတုတ္ထနေ့ (ကဏ္ဍအလိုက်ဆွေးနွေးခြင်း)*

| ကဏ္ဍ | စဉ် | အမည် | ကိုယ်စားပြုအစုအဖွဲ့ |
|---|---|---|---|
| နိုင်ငံရေး | ၁။ | <u>တတိယနေ့</u><br>ဦးဇော်အေးမောင်<br>ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရ<br><br><u>စတုတ္ထနေ့</u><br>ဦးကိုကိုလှိုင်<br>နိုင်ငံတော်သမ္မတအကြံပေး (နိုင်ငံရေး) | အစိုးရ |
| | ၂။ | ဦးမြတ်စိုး၊ ရှမ်းပြည်နယ်လွှတ်တော် | လွှတ်တော်များ |
| | ၃။ | ဗိုလ်မှူးချုပ် တင့်လွင်<br>ကျောင်းအုပ်ကြီး၊ အမှတ် (၁၁) တပ်မတော်တန်းမြင့်<br>လေ့ကျင့်ရေးကျောင်း | တပ်မတော် |
| | ၄။ | ဗိုလ်မှူးကြီး ခွန်ဥက္ကာ<br>နာယက၊<br>ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO) | တိုင်းရင်းသား<br>လက်နက်ကိုင်<br>အဖွဲ့အစည်းများ |
| | ၅။ | ဦးမန်းအောင်ပြည်စိုး<br>ဒုတိယဥက္ကဋ္ဌ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | နိုင်ငံရေးပါတီများ |
| အကျိုးဆောင်များ - ဒေါက်တာကျော်ရင်လှိုင်၊ ဒေါ်ဂျာန်နန်၊ ဒေါ်ချင်းချင်း၊ စိုင်းရဲကျော်စွာမြင့် | | | |

| ကဏ္ဍ | စဉ် | အမည် | ကိုယ်စားပြုအစုအဖွဲ့ |
|---|---|---|---|
| စီးပွားရေး | ၁။ | <u>တတိယနေ့</u><br>ဦးစစ်အေး<br>နိုင်ငံတော်သမ္မတအကြံပေး (ဥပဒေ)<br><br><u>စတုတ္ထနေ့</u><br>ဦးသန်းဌေး<br>ပြည်ထောင်စုဝန်ကြီး (ငြိမ်း) | အစိုးရ |
| | ၂။ | ဦးစောထွန်းမြအောင်၊ အမျိုးသားလွှတ်တော် | လွှတ်တော်များ |
| | ၃။ | ဗိုလ်မှူးချုပ် နေဝင်းအောင်<br>ကျောင်းအုပ်ကြီး၊ အမှတ် (၈) တပ်မတော်တန်းမြင့်<br>လေ့ကျင့်ရေးကျောင်း | တပ်မတော် |

| | | | |
|---|---|---|---|
| | ၄။ | စိုင်းခွမ်မိန်း<br>အကြံပေး၊<br>သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) | တိုင်းရင်းသား<br>လက်နက်ကိုင်<br>အဖွဲ့အစည်းများ |
| | ၅။ | ဦးအောင်သန်း<br>ဒုတိယဥက္ကဋ္ဌ၊ ခေတ်သစ်ပြည်ထောင်စုပါတီ | နိုင်ငံရေးပါတီများ |
| အကျိုးဆောင်များ - ဦးတင်ထွဋ်ဦး၊ ဦးလှိုင်မြတ်၊ ဒေါ်သင်းသင်းအောင်၊ ဦးကျော်တင် | | | |

| ကဏ္ဍ | စဉ် | အမည် | ကိုယ်စားပြုအစုအဖွဲ့ |
|---|---|---|---|
| လူမှုရေး | ၁။ | <u>တတိယနေ့</u><br>ဦးစောဂျူပလီစံလှ<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရ<br><br><u>စတုတ္ထနေ့</u><br>ဦးဇော်အေးမောင်<br>ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရ | အစိုးရ |
| | ၂။ | ဦးသောင်းစိန်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် | လွှတ်တော်များ |
| | ၃။ | ဗိုလ်မှူးချုပ် သန်းထွန်းဦး<br>ဒုတိယတိုင်းမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် | တပ်မတော် |
| | ၄။ | ပဒိုစောရော်ဂျာခင်<br>ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်<br>ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး | တိုင်းရင်းသား<br>လက်နက်ကိုင်<br>အဖွဲ့အစည်းများ |
| | ၅။ | ဦးဖိုးရယ်<br>ဥက္ကဋ္ဌ၊ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်) | နိုင်ငံရေးပါတီများ |
| အကျိုးဆောင်များ - ဦးအောင်သူငြိမ်း၊ ဦးကျော်လင်းဦး၊ ဒေါ်နန်းဖြူဖြူလင်း | | | |

| ကဏ္ဍ | စဉ် | အမည် | ကိုယ်စားပြုအစုအဖွဲ့ |
|---|---|---|---|
| လုံခြုံရေး | ၁။ | <u>တတိယနေ့</u><br>ဦးခင်ရီ<br>ပြည်ထောင်စုဝန်ကြီး (ငြိမ်း)<br><br><u>စတုတ္ထနေ့</u><br>ဦးစစ်အေး | အစိုးရ |

| | | | |
|---|---|---|---|
| | | နိုင်ငံတော်သမ္မတအကြံပေး (ဥပဒေ) | |
| | ၂။ | ဦးဆိုင်ပေါင်းနပ်၊ အမျိုးသားလွှတ်တော် | လွှတ်တော်များ |
| | ၃။ | ဗိုလ်မှူးချုပ် ဝင်းမိုး<br>ကျောင်းအုပ်ကြီး၊ အမှတ် (၃) တပ်မတော်တန်းမြင့်<br>လေ့ကျင့်ရေးကျောင်း | တပ်မတော် |
| | ၄။ | ရဲဘော်သံခဲ<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ<br>ဒီမိုကရက်တစ်တပ်ဦး (ABSDF) | တိုင်းရင်းသား<br>လက်နက်ကိုင်<br>အဖွဲ့အစည်းများ |
| | ၅။ | ဒေါက်တာမနာမ်တူးဂျာ<br>ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ | နိုင်ငံရေးပါတီများ |
| အကျိုးဆောင်များ - ဦးဝင်းမင်း၊ ဒေါ်နန်ရော်၊ Zaceu Lian | | | |

| ကဏ္ဍ | စဉ် | အမည် | ကိုယ်စားပြုအစုအဖွဲ့ |
|---|---|---|---|
| မြေယာနှင့်<br>သဘာဝ<br>ပတ်ဝန်းကျင် | ၁။ | ဦးစောထွန်းအောင်မြင့်<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရ | အစိုးရ |
| | ၂။ | ဦးပြေဝင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် | လွှတ်တော်များ |
| | ၃။ | ဗိုလ်မှူးချုပ် အောင်သိန်းဦး<br>ကျောင်းအုပ်ကြီး၊ အမှတ် (၁၂) တပ်မတော်တန်းမြင့်<br>လေ့ကျင့်ရေးကျောင်း | တပ်မတော် |
| | ၄။ | ဒေါက်တာနော်ကပေါ်ထူး<br>အထွေထွေအတွင်းရေးမှူး၊<br>ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား<br>လွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ<br>(KNU KNLA/PC) | တိုင်းရင်းသား<br>လက်နက်ကိုင်<br>အဖွဲ့အစည်းများ |
| | ၅။ | ဦးနိုထန်ကပ်<br>ဥက္ကဋ္ဌ၊ ချင်းအမျိုးသား တိုးတက်ရေးပါတီ | နိုင်ငံရေးပါတီများ |
| အကျိုးဆောင်များ - ဒေါ်သူဇာသန့်၊ ဦးတင်အောင်မိုး၊ ဦးဝင်းမျိုးသူ၊ ဦးရဲထွဋ်ရှိ | | | |

*သဘာပတိများ - ပဋ္ဌမနေ့မွန်းလွဲပိုင်း (ညီလာခံပိတ်ပွဲ အခမ်းအနား)*

| စဉ် | အမည် | ကိုယ်စားပြုအစုအဖွဲ့ |
|---|---|---|
| ၁။ | ဦးအောင်မင်း<br>ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန (၄) | အစိုးရ |
| ၂။ | ဦးသိန်းဇော်<br>ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ | လွှတ်တော်များ |
| ၃။ | ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်<br>စစ်ဥပဒေချုပ် | တပ်မတော် |
| ၄။ | ပဒိုစောကွယ်ထူးဝင်း<br>အထွေထွေအတွင်းရေးမှူး၊<br>ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| ၅။ | ဦးမနာမ်တူးဂျာ<br>ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | နိုင်ငံရေးပါတီများ |

**၁၄။ ဆွေးနွေးချက်များနှင့် ကဏ္ဍ (၅) ခုအတွက် တင်သွင်းသည့်စာတမ်းများ**

*ဆွေးနွေးချက်များ -*

*ကဏ္ဍ (၅) ခုအတွက် တင်သွင်းသည့်စာတမ်းများ -*

**နိုင်ငံရေးကဏ္ဍ - ဖက်ဒရယ်စနစ်တွင် အခြေခံသင့်သည့်မူများ (ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာကိစ္စရပ်များ)**

**နိဒါန်း**

၁။ ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံအား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့မှ (၁၆) ရက်နေ့အထိ နေပြည်တော်ရှိ ၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ (Myanmar International Convention Center – II) တွင် ကျင်းပလျက်ရှိပါသည်။ ယခု ကျင်းပလျက်ရှိသော ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ရေရှည်တည်တံ့သည့်

ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် ကဏ္ဍအလိုက် အစုအဖွဲ့များဖွဲ့စည်းကာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါသည်။ ယင်းအစုအဖွဲ့ များမှာ -

(က) နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှုအစုအဖွဲ့၊

( ခ) လူမှုရေးကိစ္စရပ်များဆွေးနွေးမှုအစုအဖွဲ့၊

( ဂ) စီးပွားရေးကိစ္စရပ်များဆွေးနွေးမှုအစုအဖွဲ့၊

(ဃ) လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှုအစုအဖွဲ့၊

( င) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကိစ္စရပ်များဆွေးနွေးမှုအစုအဖွဲ့ ဟူ၍ အစုအဖွဲ့ (၅) ခုကို ဖွဲ့စည်းထားပါသည်။

၂။ ကဏ္ဍအစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ သီးခြားကျင်းပပြုလုပ်ပါသည်။ နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှု အစုအဖွဲ့သည် နိုင်ငံရေးနှင့်သက်ဆိုင်သည့်ကဏ္ဍများကို အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့၊ တိုင်းရင်းသားများအစုအဖွဲ့နှင့် ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့ဟူ၍ အစုအဖွဲ့ (၇) ဖွဲ့ခွဲကာ ဆွေးနွေးခဲ့ပါသည်။ ထိုအစုအဖွဲ့ (၇) ဖွဲ့၏ ဆွေးနွေး အကြံပြုချက်များအနက် အဓိကကျသည့် အချက်များကို ထုတ်နှုတ်ကာ စာတမ်းတစ်စောင်အဖြစ် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲတွင်ပါဝင်ကြသည့် အထက်ဖော်ပြပါ အစုအဖွဲ့ (၇) ခု၏ ဆွေးနွေး အကြံပြုချက်များသာဖြစ်ပြီး အဆုံးအဖြတ်ပေးသည့် အချက်များမဟုတ်ပါ။ နောင်တွင်ပြုလုပ်မည့် နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲများအတွက် အထောက်အကူဖြစ်စေရန် အချက်အလက်များ စုစည်းပေးထားခြင်းသာ ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို အောင်မြင်စွာ တည်ဆောက်နိုင်ရန်။

၄။ ဒီမိုကရေစီအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ (Democratic Governance)

*(က) မဏ္ဍိုင်ကြီးသုံးရပ်အကြား အာဏာများကို ပိုင်းခြားသုံးစွဲခြင်းကိစ္စ (Separation of Powers)*

ဆွေးနွေးသွားသည့် အစုအဖွဲ့အားလုံးမှ မဏ္ဍိုင်သုံးရပ်အကြား အာဏာပိုင်းခြား သုံးစွဲရေးနှင့် အပြန်အလှန် ထိန်းကျောင်းမှုရှိရန် အကြံပြု ဆွေးနွေးခဲ့ကြပါသည်။ အစိုးရအစုအဖွဲ့မှ မဏ္ဍိုင်ကြီး သုံးရပ်အကြား အပြည့်အဝပိုင်းခြားရန် မဖြစ်နိုင်သဖြင့် တတ်နိုင်သမျှ ပိုင်းခြား သုံးစွဲရန် ဟူသော စကားရပ်ကို သုံးသင့်ကြောင်း အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

*(ခ) နိုင်ငံရေးပါတီစနစ်*

နိုင်ငံရေးပါတီစနစ်နှင့်ပတ်သက်၍ ဆွေးနွေးပွဲတွင် ပါတီစုံစနစ်ကို ကျင့်သုံးသွားကြရန် အစုအဖွဲ့များအားလုံးမှ အကြံပြုကြပါသည်။

*(ဂ)     ရွေးကောက်ပွဲစနစ်*

ရွေးကောက်ပွဲစနစ်နှင့်ပတ်သက်၍ ပြည်ထောင်စုတစ်ဝှမ်းရှိ လူဦးရေနည်းပါးသည့် တိုင်းရင်း သား လူမျိုးများအနေဖြင့် ပိုမိုထိရောက်စွာ ကိုယ်စားပြု ပါဝင်လာနိုင်စေရန် Proportional Representation (PR) စနစ်ကို ကျင့်သုံးသင့်၊ မသင့် စဉ်းစားကြရန် အစိုးရအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်တချို့က အကြံပြု ဆွေးနွေးသွားကြပါသည်။

*(ဃ)     အခြေခံရပိုင်ခွင့်များ*

(၁)     နိုင်ငံသားအားလုံးသည် တရားဥပဒေရှေ့မှောက်တွင် တူညီသော အခြေခံ ရပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် တရားဥပဒေ၏ အကာအကွယ်ရရှိစေရေး တို့အတွက် အစုအဖွဲ့အားလုံးက အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

(၂)     ပြည်ထောင်စုနှင့် ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့် အဖွဲ့ အစည်းကမှ Right to Information ကို ကန့်သတ်ခွင့်မရှိအောင် အာမခံချက် ပေးရန်ဖြစ်ကြောင်းနှင့် "နိုင်ငံတော်လုံခြုံရေးနှင့် မဆန့်ကျင်သမျှ" ဟူသော စကားရပ်၏ တိကျသော အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုပေးခြင်းဖြင့် လူထုအနေနှင့် ယင်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ကျင့်သုံးရာတွင် နိုင်ငံတော် လုံခြုံရေးအား မထိခိုက်စေဘဲ ကူညီနိုင်မည်ဖြစ်ကြောင်းတို့ကို ပါဝင်သင့်ပါဝင်ထိုက် သူများ အစုအဖွဲ့က အကြံပြုဆွေးနွေးခဲ့ပါသည်။

(၃)     အမျိုးသမီးများနှင့် လူငယ်တို့၏ အခွင့်အရေးများကို နိုင်ငံတကာစံနှုန်းများ နှင့်အညီ ခံစားရရှိရေးအတွက် ကြိုးပမ်းရန် အစုအဖွဲ့အားလုံးက အကြံပြု ဆွေးနွေး ခဲ့ကြပါသည်။

(၄)     ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အမျိုးသမီးများ (၃၀) ရာခိုင်နှုန်းအထိ ပါဝင် လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့မှ အကြံပြုဆွေးနွေးခဲ့ပါသည်။

*(င)     ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေး (Law Making, Role of Judiciary and Rule of Law)*

ပြည်ထောင်စုတဝှမ်းလုံး တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် ထိရောက်သော ဥပဒေများကို ပြဌာန်း၍ တရားစီရင်ရေးလုပ်ငန်းများကို တိကျမှန်ကန်စွာ ဆောင်ရွက်သွားရန် အစုအဖွဲ့ အားလုံးက အကြံပြုဆွေးနွေးခဲ့ကြပါသည်။

*(စ)*     ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု / တာဝန်ခံမှု (Transparency & Accountability)

ပြည်ထောင်စုနှင့်၊ ပြည်နယ်များ၏ လုပ်ငန်းဆောင်ရွက်မှုများ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/ တာဝန်ခံမှု အပြည့်အဝရှိရန် အစုအဖွဲ့တချို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။ သတင်း စီးဆင်းမှုအပိုင်းတွင်လည်း အချိန်နှင့်တပြေးညီ ရယူနိုင်ရေးအား ပါဝင်သင့် ပါဝင်ထိုက်သူများ အစုအဖွဲ့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။ တပ်မတော်အစုအဖွဲ့ကမူ နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ချွင်းချက်အဖြစ် ထားရှိရန် အကြံပြုဆွေးနွေးခဲ့ပါသည်။

*(ဆ) ဘာသာရေးနှင့် နိုင်ငံရေး*

ဘာသာရေးနှင့် နိုင်ငံရေးအား ရောယှက်မှုမရှိစေဘဲ ဘာသာရေးကို အခြေမခံသော နိုင်ငံတော် (Secular State) ကို ထူထောင်သွားရန် အစုအဖွဲ့များမှ အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

*(ဇ)* ဒီမိုကရေစီစနစ်အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော အင်စတီကျူးရှင်းများနှင့် ယန္တရားများကိုဖော်ဆောင်သွားရန် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့တို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။

၅။ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏ အခန်းကဏ္ဍ

(က) မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးလုပ်ငန်း ဖော်ဆောင်နေသည့်ကာလနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တည်ဆောက်နေသည့်ကာလတွင် တပ်မတော်အနေဖြင့် အပြောင်းအလဲလုပ်ငန်းစဉ်များကို ထိန်းကျောင်းပေးသည်ဖြစ်ရာ တည်ငြိမ်မှု၊ ညီညွတ်မှုများ ပိုမိုကောင်းမွန်တိုးတက်လာသည်နှင့်အမျှ တပ်မတော်၏ပါဝင်မှုကို တဖြည်းဖြည်း လျှော့ချသွားမည်ဖြစ်ကြောင်းနှင့် ဒီမိုကရေစီတည်တံ့ခိုင်မာလာသည့်အဆင့်တွင် ပါဝင်မှုရှိမည် မဟုတ်တော့ကြောင်း တပ်မတော်အစုအဖွဲ့မှ ဆွေးနွေးခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံ၏အမျိုးသားနိုင်ငံရေးတွင် တပ်မတော်၏ပါဝင်မှုအခန်းကဏ္ဍအား ပြန်လည်သုံးသပ်သင့်ကြောင်းနှင့် အင်အားတောင့်တင်းခိုင်မာသော တပ်မတော်တစ်ရပ်သာ ရှိရမည်ဖြစ်ကြောင်း တပ်မတော်အစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့ဝင် တစ်ဖွဲ့မှ အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

၆။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ထောင်ရာတွင် အခြေခံရမည့်မူများ (Basic Principles for Establishing a Federal Union)

*(က) အခြေခံရမည့်မူများ (Basic Principles)*

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ် ကျင့်သုံးရေးနှင့် ပတ်သက်၍ အောက်ပါအချက်များကို အစုအဖွဲ့အားလုံးက တူညီသော သဘောထားများ ရှိကြပါသည်။

(၁) တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးအကြား တန်းတူညီမျှမှု၊ တရားမျှတမှုရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ထောင်သွားရန်။

(၂) နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်းကိုမျှ ခွဲထွက်ခြင်းမပြုရန်။

(၃) တိုင်းရင်းသားလူမျိုးများအကြား နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများတွင် တန်းတူအခွင့်အရေးများရှိရန်။

(၄) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေဖြင့် အကာအကွယ်ပေးရန်။

(၅) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ထောင်ရာတွင် မည်သည့်နိုင်ငံ၏ ပုံစံများကိုမျှ ပုံတူကူးယူခြင်းမပြုဘဲ မိမိတို့နှင့် ကိုက်ညီမည့် ဖက်ဒရယ်စနစ်ကို ထူထောင်ရန်။

(၆) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော အင်စတီကျူးရှင်းများနှင့် ယန္တရားများကို စနစ်တကျဖော်ဆောင်သွားရန် နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့် ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့တို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။

မှတ်ချက်။

(၁) ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရန် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့က ဆွေးနွေးအကြံပြုခဲ့ကြပါ သည်။

(၂) ပြည်ထောင်စုအချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထု အနေဖြင့် Initiative နှင့် Referendum Power များကို မိမိတို့လက်ဝယ်တွင် ထားရှိကျင့်သုံးခွင့်ရှိစေရမည်ဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစု အဖွဲ့က ဆွေးနွေးအကြံပြုခဲ့ပါသည်။

(၃) ပြည်ထောင်စုရှိ မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရ၊ မည်သည့် လူမျိုးကိုမျှ အခွင့်အရေးချုပ်ခြယ်ကန့်သတ်ခြင်းလည်း မရှိစေရဟု တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ ဆွေးနွေးခဲ့ကြပါသည်။

(၄) လွှတ်တော်အစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစု အဖွဲ့တို့က အချိုးညီ ဖက်ဒရယ်စနစ် ထူတောင်ရေးနှင့်ပတ်သက်၍ အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

(၅) အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတွင် တပ်မတော်တစ်ရပ်သာ ထားရှိ သင့်သည်ဟု တပ်မတော်အစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့တို့က ဆွေးနွေးအကြံပြု ကြပါသည်။

(၆) လွှတ်တော်စနစ်အား လွှတ်တော် (၂) ရပ်ဖြင့်သာ ဖွဲ့စည်းရန် နိုင်ငံရေး ပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်တချို့က ဆွေးနွေး အကြံပြုခဲ့ပါသည်။

(၇) နယ်စပ်ဒေသတွင် လုံခြုံရေးကိစ္စများ ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက် ပြည်နယ်စောင့် လုံခြုံရေးတပ်ဖွဲ့များဖွဲ့စည်းသင့်ကြောင်း တိုင်းရင်းသား များ အစုအဖွဲ့ များမှ ကိုယ်စားလှယ်တချို့က အကြံပြုဆွေးနွေးကြပါသည်။

(ခ) *အာဏာခွဲဝေမှု (Power Sharing)*

(၁) ကြွင်းကျန်အာဏာများကို ပြည်နယ်များသို့ပေးသင့်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့က ဆွေးနွေးခဲ့ကြပါသည်။ အစိုးရအစုအဖွဲ့ကမူ ကြွင်းကျန်အာဏာများကို ပြည်ထောင်စုအားပေးသင့်၊ မသင့်နှင့် ပြည်နယ်များသို့ ပေးသင့်၊ မသင့် ကိစ္စရပ်အား နောင်တွင် ဆက်လက်ဆွေးနွေးသွားသင့်ပါကြောင်း ဆွေးနွေးခဲ့ပါ သည်။

(၂) ဗဟိုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအကြား အာဏာခွဲဝေရေးနှင့် ပူးတွဲအာဏာသတ်မှတ်ရေးကိစ္စရပ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စနစ်တကျရှင်းလင်းစွာ ပြဋ္ဌာန်းသတ်မှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစုအဖွဲ့အားလုံးက ဆွေးနွေး အကြံပြုခဲ့ကြပါသည်။

(၃) ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါဇယားများအား လိုအပ်သလို ပြင်ဆင်နိုင်ရန်နှင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့မှအပ ကျန်အစုအဖွဲ့များက ဆွေးနွေး အကြံပြုခဲ့ကြပါသည်။

(၄) ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သော ဒေသများရှိတိုင်းရင်းသားများအတွက် အခြားဒေသများနှင့် တန်းတူညီမျှစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သော ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့၊ တိုင်းရင်းသားများအစုအဖွဲ့တို့က ဆွေးနွေး အကြံပြု ခဲ့ကြပါသည်။

(ဂ) *ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-Determination and Self-Rule)*

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အခြေခံသော ဖက်ဒရယ်စနစ်ကို တည်ဆောက်ရန် တပ်မတော်အစုအဖွဲ့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။

(၂) တိုင်းရင်းသားလူမျိုးစုများနေထိုင်သည့်ဒေသများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူဝါဒများကို မိမိတို့နှစ်သက်သဘောကျသည့်အတိုင်း လွတ်လပ်စွာ ချမှတ်နိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်စနစ်အား တည်ထောင်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။

၇။ ဖက်ဒရယ်စနစ်၏ ဖွဲ့စည်းမှု (Structure of the Federal System)

(က) လက်ရှိတိုင်း ဒေသကြီးနှင့် ပြည်နယ် (၁၄) ခုမူကို ဆက်လက် ကျင့်သုံးသင့်ကြောင်းနှင့် ဗဟိုအားကောင်းသော အစိုးရစနစ်ကိုသာ ကျင့်သုံးရန် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့နှင့် တပ်မတော်အစုအဖွဲ့တို့က အကြံပြု ဆွေးနွေးသွားခဲ့ကြပါသည်။

(ခ) နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်တချို့က (၈) ပြည်နယ်ကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန် အကြံပြု ဆွေးနွေးခဲ့ပါသည်။

(ဂ) ဗမာပြည်နယ်ထူထောင်ရန် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက အကြံပြု ဆွေးနွေးခဲ့ပါသည်။

(ဃ) နိုင်ငံရေးပါတီများအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်တချို့က လူမျိုးကိုအခြေခံသော ဖက်ဒရယ်စနစ်ကို ထူထောင်ရန် အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

(င) ပြည်နယ်များဖွဲ့စည်းရေးနှင့်ပတ်သက်၍ လူမျိုးကိုအခြေခံကာ သတ်မှတ်စေလိုကြောင်း တိုင်းရင်းသားများအစုအဖွဲ့က ဆွေးနွေးခဲ့ပြီး တပ်မတော်အစုအဖွဲ့ကမူ ပထဝီကို အခြေခံကာ သတ်မှတ်လိုကြောင်း ဆွေးနွေးခဲ့ကြပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့ကမူ ပြည်နယ်များအားဖွဲ့စည်းရာတွင် အမျိုးသားပြည်နယ်များ နှင့် အမျိုးသားများပြည်နယ်များဟူ၍ ဖွဲ့စည်းရန် အကြံပြုဆွေးနွေးခဲ့ကြပါသည်။

(စ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့ဝင်တစ်ဖွဲ့နှင့် နိုင်ငံရေး ပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်တချို့သည် ပြည်နယ်အသစ်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ/တိုင်း အသစ်များကို လိုအပ်သလို ဖွဲ့စည်းပေးသွားရေး စဉ်းစားပေးရန် ဆွေးနွေး အကြံပြုခဲ့ကြပါသည်။

၈။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းရေးကိစ္စ

အစိုးရအစုအဖွဲ့နှင့် တပ်မတော်အစုအဖွဲ့တို့က ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် သီးခြား ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းရန်မလိုကြောင်း ဆွေးနွေးခဲ့ကြပြီး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့၊ တိုင်းရင်းသားများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ်တချို့က ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို သီးခြားပြဋ္ဌာန်းသင့်သည်ဟု ဆွေးနွေးခဲ့ကြပါသည်။

၉။ အထွေထွေ

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ထောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ကြောင်း အစုအဖွဲ့ အားလုံးက သဘောထားများ ပေးခဲ့ကြပါသည်။

(ခ) ဖက်ဒရယ်စနစ်၏ အနှစ်သာရကို ပိုမိုသိရှိနားလည်ရန်နှင့် နိုင်ငံရေး ဆွေးနွေးပွဲများ ထိရောက်စွာ လုပ်ဆောင်တတ်စေရန် ဖက်ဒရယ်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲ (Federal Study Forum) များအား (၆) လတစ်ကြိမ်ပြုလုပ်သွားရန် အစိုးရအစုအဖွဲ့က ဆွေးနွေး အကြံပြုခဲ့ပါသည်။

(ဂ) လွှတ်တော်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်တချို့သည် တိုင်းရင်းသား လူမျိုး (၁၃၅) မျိုးနှင့်ပတ်သက်၍ ပြန်လည်စိစစ်ရန် အကြံပြုဆွေးနွေးခဲ့ ကြပါသည်။

(ဃ) လွှတ်တော်နှင့် အစိုးရအဖွဲ့များတွင် လုံလောက်သောကိုယ်စားပြုမှုမရရှိနိုင်သည့် တိုင်းရင်းသားလူနည်းစုများအား ကိုယ်စားပြုပါဝင်လာနိုင်စေရန် ပြဋ္ဌာန်းထားသည့်

သတ်မှတ်ချက်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်သင့်ကြောင်း တိုင်းရင်းသား အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်တချို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။

**လုပ်ငန်းရေးကဏ္ဍ - ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) ကိစ္စရပ်များ**

(၁) IDPs များဖြစ်ပေါ်လာရသည့် နောက်ခံသမိုင်းကြောင်း

- နိုင်ငံရေးပြဿနာနှင့် လက်နက်ကိုင်ပဋိပက္ခများ။
- ဒေသတွင်းလက်နက်ကိုင်တပ်ဖွဲ့များအကြားဖြစ်ပေါ်သော ပဋိပက္ခများ။
- ဒေသနေနှင့် ပြည်ပမှဝင်လာသူများအကြား ဖြစ်ပေါ်လာသော ပဋိပက္ခများ။
- ဆိုးရွားသည့်သဘာဝဘေးဒဏ်။
- လူလုပ်ဘေးဒဏ်။

(၂) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) ၏ အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်

နိုင်ငံရေးပြဿနာနှင့် လက်နက်ကိုင် ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ တိုင်းရင်းသားလူမျိုးများ။ (အစိုးရ)

နိုင်ငံအတွင်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် အသက်အန္တရာယ်ရှင်သန် ရပ်တည်ရေးအတွက် နေရာဒေသအားစွန့်ခွာ၍ လုံခြုံမှုရှိ သောနယ်မြေအသီးသီးသို့ တိမ်းရှောင် ခိုလှုံလျက်ရှိသူများအားလုံး အကျုံးဝင်ပါသည်။ တစ်ဘက်နိုင်ငံမှ ခိုးဝင်ဘင်္ဂါလီဒုက္ခသည်များ၊ ပင်လယ်ပြင် လှေစီးဒုက္ခသည်များ၊ နယ်စပ်ဒေသ တစ်ဘက်နိုင်ငံရောက် (REFUGEE) ဒုက္ခသည်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ယာယီခိုလှုံသူများအား ပါဝင်စဉ်းစားခြင်း ပြုမည်မဟုတ်ပါ။ ပဋိပက္ခ ဒေသတွင်းရှိ လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၏ မိသားစုများ ပြန်လည်နေရာချထားသည့်ကိစ္စကို ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေး ခေါင်းစဉ်အောက်တွင် ဆက်လက်ဆောင်ရွက်သွားပါမည်။ (တပ်မတော်)

ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် လည်းကောင်း၊ အခြားသောအထွေထွေ အကြမ်းဖက်မှုများ ကြောင့် လည်းကောင်း၊ လူလုပ်သဖြင့် ဖြစ်ပေါ်လာသောကပ်ဘေးများနှင့် သဘာဝကပ်ဘေးများ ကြောင့်လည်းကောင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ကြရပြီး နိုင်ငံတကာ နယ်နိမိတ် မဖြတ်ကျော် သူများကို ဆိုလိုသည်။ EAOs (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)

(၃) မျှော်မြင်ချက် (Vision)

နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပ၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ခြင်းဖြင့် IDPs များ၏ အရေးကို ကူညီပေးရန်။

(၄) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ အမျိုးအစားများ (Types of IDPs)

အစိုးရကိုယ်စားလှယ်များအစုအဖွဲ့ -

က။ တရားဥပဒေစိုးမိုးမှုအောက် ပြောင်းရွှေ့နေထိုင်သူများ။

ခ။ တရားဥပဒေစိုးမိုးမှုအားနည်းနေသော နယ်စပ်ဒေသသို့ရောက်ရှိသွားသူများ။

ဂ။ တစ်ဖက်နိုင်ငံတွင် ဒုက္ခသည်အမည်ခံ၍ နှစ်ပေါင်းများစွာ ပြောင်းရွှေ့နေထိုင်သော တိုင်းရင်းသားလူမျိုးများ။ (မှတ်ချက်။ တစ်ဖက်နိုင်ငံတွင် ရောက်ရှိပြီးဖြစ်သည့် အတွက် IDPs မဟုတ်တော့ပါ။ စဉ်းစားသင့်ပါကြောင်း)

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ -

က။ အတင်းအဓမ္မ ပြောင်းရွှေ့ခံရသူများ။

ခ။ တောတွင်းသို့ ထွက်ပြေးတိမ်းရှောင်ရသူများ။

ဂ။ မိမိတို့ ဆွေမျိုး/ မိတ်ဆွေများထံသို့ သွားရောက်ခိုလှုံနေထိုင်ကြရသူများ။

ဃ။ IDPs စခန်းများအတွင်းသို့ သွားရောက်ခိုလှုံနေထိုင်ကြရသူများ။

(၅) IDPs များနှင့် ပတ်သက်သော ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ အစုအဖွဲ့အသီးသီး၏ ဆွေးနွေးညှိနှိုင်းချက်များကို စုစည်းတင်ပြချက်

က။ နိုင်ငံရေးဆွေးနွေးပွဲအရ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ တိုးတက်လုပ်ဆောင်နေသကဲ့သို့ NCA သဘောတူစာချုပ်ပါ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်များကိုလည်း တစ်ပြိုင်တည်းစဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရမည်။ (လွှတ်တော်၊ တပ်မတော်၊ EAOs၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ)

ခ။ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ရန်။ (အစိုးရ)

ဂ။ သက်ဆိုင်ပတ်သက်သူများ အားလုံးပါဝင်ခွင့်၊ ဆုံးဖြတ်ခွင့်။ (တိုင်းရင်းသားကိုယ်စား လှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ)

ဃ။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့် စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများကြား ညှိနှိုင်းဆောင်ရွက်ရန်။ (NCA အခန်း (၃)၊ ပုဒ်မ ၁၀ အပိုဒ်ခွဲ(က))

င။ NGO၊ INGOs၊ Donors များ အနေဖြင့် လူသားချင်းစာနာထောက်ထားမှု (Humanitarian Assistance) အကူအညီပေးရေးကို အကြောင်းပြု၍ ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးစွက်ဖက်မှုမရှိစေရန်။ (အစိုးရ)

စ။ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင်ဆောင်ရွက်ရန် (Build Back Better) (အစိုးရ)

ဆ။ မည်သူမျှမကျန်ခဲ့စေရန် (No One Left Behind) (အစိုးရ)

ဇ။ ဆိုးရွားသောအကျိုးဆက်များမဖြစ်ပေါ်စေရန် (Do No Harm) (အစိုးရ)

ဈ။ ဘက်လိုက်မှု၊ ခွဲခြားမှုမရှိစေရန် (Neutrality and Impartiality) (အစိုးရ)

ည။ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေရန်။ (လွှတ်တော်၊ EAOs၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ)

ဋ။ နိုင်ငံတကာစံချိန်စံညွှန်းများ၊ တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများ၊ ဒေသဆိုင်ရာ ဗဟုသုတ (Local Wisdom)၊ ဒေသဆိုင်ရာ ထူးခြားချက်များကို အလေးထား၍ ဘက်စုံဖွံ့ဖြိုးရေးအမြင်ဖြင့် မူဝါဒများချမှတ်ရန်။ (အားလုံး)

ဌ။ IDPs များ မိမိဆန္ဒအလျောက် ဆုံးဖြတ်ချက်ချပိုင်ခွင့် (Voluntary Return)၊ မိမိဒေသ သို့ ပြန်နိုင်ရေးအတွက်လည်း တိုက်တွန်းစည်းရုံးဆောင်ရွက်ရန်။ (အားလုံး)

ဍ။ Safety၊ Dignity၊ Livelihood အာမခံချက်။ (အားလုံး)

ပ။ တရားဥပဒေစိုးမိုးမှုကို မထိခိုက်စေဘဲ အထောက်အပံ့များအား လွတ်လပ်စွာ စီမံခန့်ခွဲခွင့်။ (အားလုံး)

ဏ။ ဥပဒေကြောင်းအရလုံခြုံမှု (Legal Safety) နှင့် ပတ်သက်သော အခွင့်အရေးများ ဖြည့်ဆည်းပေးရေး။ (ဥပမာ- မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ မြေပိုင်ဆိုင်ခွင့်၊ ပုဒ်မ ၁၇/၁)။ ထိုသို့ဆောင်ရွက်ရာတွင် ပဋိပက္ခ အခြေအနေများကို အခွင့်ကောင်းယူ၍ မိမိနိုင်ငံအတွင်းသို့ အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်နိုင်ငံခြားသားများ၊ ဒုက္ခသည်များ ရောနှော၍ ဝင်ရောက်မှု မရှိစေရေး၊ အကြမ်းဖက် အင်အားစုများ နှင့် နိုင်ငံအတွက် အန္တရာယ်ရှိသူများ စိမ့်ဝင်မှု မရှိစေရေး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်ရမည်။ (အားလုံး)

တ။ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု (Transparency၊ Accountability) (အားလုံး)

ထ။ နောက်ဆက်တွဲ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း စဉ်ဆက်မပြတ် လုပ်ဆောင်ရန်။ (အစိုးရ၊ လွှတ်တော်၊ EAOs၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ)

ဒ။ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးခြင်း။ (အားလုံး)

ဓ။ ပြန်လည်နေရာချထားရေးတွင် မြေမြှုပ်မိုင်းပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်။ (အားလုံး)

န။ မသမာမှုကင်းစင်ရေး။ (အစိုးရ၊ လွှတ်တော်၊ EAOs၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ)

ပ။ တရားဥပဒေစိုးမိုးရေး (ဥပမာ - လုံခြုံရေး၊ ရာဇဝတ်မှုမဖြစ်ပွားရေး၊ အဓမ္မလုပ်အားနှင့် စစ်သားစုဆောင်းမှု မဖြစ်စေရေး။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး။ လူကုန်ကူးမှု အန္တရာယ်၊ မူးယစ်ဆေးဝါး အန္တရာယ်။) (အားလုံး)

ဖ။ အန္တရာယ်ကျရောက်လွယ်သော အုပ်စုများ (Group at risk) ကို ကာကွယ်ပေးရေး။ (အမျိုး သမီးနှင့်ကလေးများ၊ သက်ကြီးရွယ်အို၊ မသန်စွမ်း၊ နာတာရှည်၊ လူနည်းစု စသဖြင့်) (အားလုံး)

ဗ။ IDPs များ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် အမျိုးသမီး (၃၀ %) ထက်မနည်း ပါဝင်ဆောင်ရွက်ရန်။ (လွှတ်တော်၊ ပါဝင်သင့်ပါဝင်ထိုက်သူများ)

ဘ။ လိုအပ်သည့် ကော်မတီများဖွဲ့စည်းဆောင်ရွက်ရန်။ (အားလုံး)

မ။ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားဒေသ၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဆက်စပ်ပြီး အစိုးရမှရေးဆွဲထားသော ပညာရေးမူဝါဒများ ပေါင်းစပ်လုပ်ဆောင် အကောင်အထည်ဖော်ရန်။ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စများလည်း ပြန်လည်ဆက်စပ်နိုင်ရန်။ (တပ်မတော်၊ EAOs၊ တိုင်းရင်းသားကိုယ်စားလှယ်များ)

ယ။ အမျိုးသမီး-အမျိုးသား တန်းတူညီမျှအခွင့်အရေးရရှိစေရေး။ (ပါဝင်သင့်ပါဝင်ထိုက်သူများ)

ရ။ လက်နက်ကိုင်ပဋိပက္ခကြောင့်ဖြစ်ပေါ်လာသော ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး အသုံးစရိတ်အတွက် နိုင်ငံတော်ဘတ်ဂျက်နှင့် ဝန်ကြီးဌာနအလိုက် အထူးကိစ္စရပ်များအဖြစ် စီမံဆောင်ရွက်ရန်။ (လွှတ်တော်၊ တပ်မတော်၊ EAOs)

လ။ ရေရှည်တည်တံ့သည့်ဖြေရှင်းမှု (Durable Solution) ကို ဦးတည်၍ အစီအစဉ်များ ဆောင်ရွက်ရန်။ (အစိုးရ၊ လွှတ်တော်၊ EAOs၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ)

(၆) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်သော လက်တွေ့ အကောင် အထည်ဖော် ဆောင်ရွက်မှုများ (Implementations)

ကာလအပိုင်းအခြား -

- ပြင်ဆင်ရေးကာလ (EAOs)
- ရှေးဦးပြန်လည်ထူထောင်ရေးကာလ (အစိုးရ)
- လူမှုစီးပွားဘဝ မူလအခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်း။ (ကာလတို)။ (အစိုးရ)
- မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း (ကာလရှည်)။ (အစိုးရ)

ဆောင်ရွက်ပေးရမည့် လူမှုရေးနယ်ပယ်များ -

က။ ပညာရေး

ခ။ ကျန်းမာရေး (ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်ရန်)

ဂ။ ကာကွယ်စောင့်ရှောက်ရေး (အကြမ်းဖက်မှုများနှင့် လူကုန်ကူးမှုများ)

ဃ။ ဘာသာရေး

င။ ယဉ်ကျေးမှု

စ။ အားကစား

ဆ။ မြေယာဖော်ထုတ်ရေး

ဇ။ အသက်မွေးဝမ်းကြောင်း/ စီးပွားရေး

၈။ အခြေခံအဆောက်အဦး (အိုးအိမ်၊ လမ်းပန်းဆက်သွယ်ရေး၊ ကျောင်း၊ တံတား စသဖြင့်)။

၉။ မိသားစုပြန်လည်ပေါင်းစည်းရေး။

၁၀။ မိမိနေရပ်သို့ မပြန်လိုသောသူများ၏ အရေးကိစ္စရပ်များကိုလည်း ထည့်သွင်း စဉ်းစား ရန်။

၁၁။ အမျိုးသမီးနှင့်ကလေးသူငယ်များ၏ မတူညီကွဲပြားသောလိုအပ်ချက်များ။

၁၂။ မူးယစ်ဆေးဝါးပြဿနာ။

ဆောင်ရွက်ရမည့်နည်းလမ်း -

မဟာဗျူဟာ

- လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်း

နည်းဗျူဟာ

- IDP Life cycle ကိုထောက်ပံ့ပေးရေး (ဦးစားပေးစနစ်ထားရှိရန်)

အခြားထည့်သွင်းစဉ်းစားရမည့်အချက်များ -

- လုပ်ငန်းအချိန်ဇယားရေးဆွဲရန်။ Timing (အကြံပြုချက်။ ၂၀၁၆ ဇန်နဝါရီလ မှ စက်တင်ဘာ/ အောက်တိုဘာလအတွင်း ဖြစ်သင့်ပါသည်။ Assessment and Survey များ ပြုလုပ်နိုင်ရန်၊ အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းကဏ္ဍ အလိုက် အစုများ (Clusters) ဖွဲ့စည်း၍ အစီအစဉ်များ ရေးဆွဲသွားရန်။
- Pilot project များဖြင့် စမ်းသပ်ဆောင်ရွက်ရန်။
- စစ်မှဲ့ဖုံများ သတ်မှတ်နိုင်ရန်။
- သင့်တော်သောအချိန်တွင် စခန်းများပြန်လည်ပိတ်သိမ်းရေး အခြေအနေများကို စဉ်းစားရန်။
- ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေသူများ၏ ပုံမှန်အခြေအနေ ပြန်ရောက်ခြင်း (ပြန်လည်နေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် ၎င်းတို့ အား စဉ်ဆက်မပြတ် စိစစ်အကဲဖြတ်ခြင်း ပြုလုပ်ပြီး ၎င်းတို့၏လူမှုဘဝ ပုံမှန် အခြေအနေ (Normalization) သို့ ရောက်ရှိပြီးဖြစ်သည်ဟု အတည်ပြု သတ်မှတ်ပါက ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ ပြန်လည်နေရာချထား ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပြီးဆုံးသည်ဟု သတ်မှတ်ရမည်)။
- ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်သည်နှင့်အမျှ ပဋိပက္ခနှင့်ပတ်သက်သည့် IDPs လုပ်ငန်းစဉ်များလည်း အဆုံးသတ်သွားမည်ဖြစ်သည်။ (တပ်မတော်)
- အပစ်အခတ်ရပ်စဲရေး သဘောတူပြီးသောနေရာဒေသများတွင် ပြန်လည် နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးရန်။

**စီးပွားရေးကဏ္ဍ - အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း (Tax and Revenue Sharing)**

ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့နှင့် ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့ဟူ၍ အစုအဖွဲ့ပေါင်း (၇) ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၁၁၁) ဦးတက်ရောက်၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ သက်ဆိုင်ရာအစုအဖွဲ့များမှ ဆွေးနွေးချက်စာတမ်းများကိုလည်း တင်သွင်းကြပါသည်။

ဆွေးနွေးချက်များတွင် အစုအဖွဲ့တစ်ခုနှင့်တစ်ခု တစ်ထပ်တည်းမကျသော်လည်း အခြေခံရမည့် မူများနှင့် ရည်ရွယ်ချက်လားရာများတူညီကြကြောင်း တွေ့ရှိရသည်။ လက်ရှိ စီးပွားရေးကဏ္ဍအောက်ရှိ အခွန်အခနှင့် ဘဏ္ဍာငွေခွဲဝေရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိပ်တိုက်ရင်ဆိုင်သည့် နည်းလမ်းကိုအခြေမခံဘဲ ဤညီလာခံကြီး၏ ရည်ရွယ်ချက်အတိုင်း တွေ့ဆုံဆွေးနွေး၊ ညှိနှိုင်းအဖြေရှာမှုနည်းလမ်းကိုသာ အခြေခံပြီး ရှေ့ဆက်ဆောင်ရွက်သွားရန် အားလုံးမှ ဆွေးနွေးတင်ပြကြပါသည်။ ထိုဆွေးနွေးချက်များကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားရှိပါသည်။

အစုအဖွဲ့များအားလုံးက ထည့်သွင်းဆွေးနွေးကြသော အခြေခံမူများ -

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အစမှတ်အဖြစ်အသိအမှတ်ပြု၍ 'ဖက်ဒရယ်စနစ်ကို အခြေခံ သော ပြည်ထောင်စု' ကို တည်ဆောက်ရန်။
- လုပ်ငန်းစဉ် (Process) တစ်ခုအဖြစ်ရှုမြင်ပြီး ဆွေးနွေးညှိနှိုင်းခြင်း၊ လက်တွေ့စမ်းသပ်ကျင့်သုံး ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော ပုံစံဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက် ရန်။
- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement) ပါ အခြေခံမူ အခန်း ၁ (က) တွင် ဖော်ပြထားသည့်အတိုင်း ဖက်ဒရယ်စနစ်ကို အခြေခံစဉ်းစားရန်။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုအခြေခံဖြင့် ဆောင်ရွက်ရန်။
- တန်းတူညီမျှမှုကို ရှေးရှုရန်။
- ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုရန်။
- ပြည်နယ်/တိုင်းဒေသကြီးများမှ မြေနှင့်သယံဇာတများအပါအဝင် သဘာဝအရင်းအမြစ်များနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်နှင့် စီမံခန့်ခွဲခွင့်များ ရရှိစေရန်။

ထိုမူဝါဒများကို လက်တွေ့ဆုံးဖြတ်ဆောင်ရွက်ရာတွင်လည်း ပြည်နယ်/တိုင်းဒေသကြီးများ၏ မတူညီသော ပထဝီအနေအထား၊ အခြေခံအဆောက်အဦများအခြေအနေ၊ လူဦးရေ၊ သယံဇာတထွက်ရှိမှု၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေး နောက်ခံအခြေအနေများ၊ စီးပွားရေးဖွံ့ဖြိုးမှုကွာဟနောက်ကျကျန်ခဲ့သည့်အနေအထားများကိုပါ ထည့်သွင်းစဉ်းစားပြီး ဆင်းရဲချမ်းသာကွာဟမှုကို လျော့နည်းပပျောက်သွားစေရန် ဆောင်ရွက်သင့်သည်။ ထို့ပြင် သင့်လျော်သော နိုင်ငံတကာ

အတွေ့ အကြုံများကိုပါ လေ့လာပြီး မြန်မာနိုင်ငံ၏ ထူးခြားသောဝိသေသများနှင့် နှိုင်းယှဉ်ချိန်ထိုး၍ ဆောင်ရွက်သင့်ပါသည်။

ပေါ်လွင်ထင်ရှားသော အကြံပြုချက်များ -

၁။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြည်ထောင်စု ဥပဒေပြုစာရင်း ဇယား (၁)၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဥပဒေပြုစာရင်း ဇယား (၂)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ ဥပဒေပြုစာရင်း ဇယား (၃) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကကောက်ခံရမည့် အခွန်အခများ ဇယား (၅) ကို ညှိနှိုင်းဆွေးနွေးပြီး အခွန်ကောက်ခံ ပိုင်ခွင့်များနှင့် ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များကိုညှိနှိုင်းပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဥပဒေများပြဌာန်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်များကို သတ်မှတ်ပေးရန်။

၂။ မက်ခရိုစီးပွားရေးမူဝါဒများ၊ ဘဏ္ဍာရေးမူဝါဒများနှင့်စီမံခန့်ခွဲမှု အပါအဝင် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုစနစ်ကို ကောင်းမွန်အောင်တည်ဆောက်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက် ပေးရန်။

၃။ အခွန်ကောက်ခံမှု၊ ဘဏ္ဍာငွေခွဲဝေမှုနှင့်ဆိုင်သော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံး လုပ်နည်းများ အားလုံးကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလိုပြင်ဆင်ရေးဆွဲပြဌာန်းရန်။

၄။ အုပ်ချုပ်ရေးကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍဗဟိုချုပ်ကိုင်မှု လျှော့ချရေးလုပ်ငန်းစဉ်ကို ထိရောက်စွာဆောင်ရွက်ရင်း အခြေခံဥပဒေပါ ကိုယ်တိုင်စီမံပြဌာန်းဆောင်ရွက်ခွင့်ကို ရရှိအောင် ဆောင်ရွက်ပေးရန်။

၅။ တန်းတူညီမျှမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် အခွန်စနစ်နှင့် ဘဏ္ဍာငွေ ခွဲဝေမှုစနစ်များ ဖြစ်လာအောင်ဆောင်ရွက်ရန်။ အခွန်နှင့်ဘဏ္ဍာ ခွဲဝေမှုလုပ်ငန်းစဉ်တွင် မူဝါဒအမြင် (Policy and Concept) ကိုသာမက ကျွမ်းကျင်မှုဆိုင်ရာနည်းစနစ်ပိုင်း (Technicalities) ကိုလည်း အလေးထား စဉ်းစားဆောင်ရွက်ရန်။

၆။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) နှင့် (၅) ပါ ကဏ္ဍရပ်များအတွက် အခွန်ကောက်ခံမှုလုပ်ငန်းများကိုဆောင်ရွက်ရန်။ သီးသန့်ဥပဒေများ ပြီးပြည့် စုံအောင် ပြဌာန်းနိုင်ခြင်းမရှိသေးသောကြောင့် လိုအပ်သော ဥပဒေဆိုင်ရာ အင်စတီကျူးရှင်းများနှင့် သီးခြားလွတ်လပ်သော စီးပွားရေး အင်စတီကျူးရှင်းများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန်။

၇။ ပြည်နယ်/တိုင်းဒေသကြီးများ၏ ဥပဒေပြုခွင့်အာဏာနှင့် ဥပဒေအကောင်အထည်ဖော်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်။

၈။ ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ အစိုးရအဖွဲ့အစည်း အဆင့်ဆင့်နှင့် ဒေသန္တရ အဖွဲ့အစည်းများအတွက်လည်း တိကျခိုင်မာသော စီမံအုပ်ချုပ်မှုအာဏာခွဲဝေထားရှိမှုများ ပြုလုပ်ရန်။

၉။ စုစုပေါင်းအခွန်ကောက်ခံရရှိမှု Tax Base ကိုတိုးချဲ့နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

၁၀။ ပြည်နယ်/တိုင်းဒေသကြီးများသို့ ဘဏ္ဍာငွေခွဲဝေရာတွင် လူဦးရေအခြေခံ၊ ပထဝီအခြေခံ၊ ဝင်ငွေအခြေခံ၊ စွမ်းဆောင်ရည်အခြေခံနည်းများ ကိုစဉ်းစားရွေးချယ်ရမည့်အပြင် စီးပွားရေး အခွင့်အလမ်းမတူညီသော ပြည်နယ်/တိုင်းဒေသကြီးများအချင်းချင်းကြား မျှတစွာခွဲဝေနိုင်ရေး

အတွက် Horizontal & Vertical Equalization ကိုကျင့်သုံးရန်နှင့် ယင်းသို့ ဘဏ္ဍာငွေခွဲဝေရာတွင် ပြည်နယ်/တိုင်းဒေသကြီးများအချင်းချင်း မတူကွဲပြားမှုများကြောင့် ဘဏ္ဍာငွေခွဲဝေမှု အထူး အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်။ (ဥပမာ - အမေရိကန်ပြည်ထောင်စုတွင် သုံးသည့် Unique Revenue Sharing Scheme ပုံစံမျိုးဆောင်ရွက်ရန်)

၁၁။ အခွန်ကောက်ခံမှုနှင့် ဘဏ္ဍာငွေခွဲဝေမှုကိစ္စများတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများကိုဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီဖြစ်စေအောင် ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ရာတွင် တာဝန်ခံမှုကိုအာမခံနိုင်ရန်အတွက် သီးခြား လွတ်လပ်သော စာရင်းစစ်အဖွဲ့များဖြင့်ဆောင်ရွက်ရန်။

၁၂။ အခွန်ကောက်ခံမှုနှင့် ဘဏ္ဍာငွေခွဲဝေမှုကိစ္စများကို ပြည်သူလူထုများအားလုံး သိရှိ နားလည်အောင် ဆောင်ရွက်ပေးရန်။ (ဥပမာ - အခွန်ကောက်ခံသောဝန်ထမ်းများနှင့် အခွန် ပေးဆောင်သူများအကြား ပိုမိုထိတွေ့မှုများရှိလာအောင် ဆောင်ရွက်ပေးရန်)

၁၃။ ဘဏ္ဍာရေးကဏ္ဍဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကြောင့် လက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ အကြား ရှိနေသော ဆင်းရဲချမ်းသာကွာဟမှုများကို ပိုမိုဆိုးရွားမသွားစေရန်ကိုလည်း အထူး သတိပြုပြီး ဆောင်ရွက်ရန်။

၁၄။ လူ့စွမ်းအားအရင်းအမြစ် မလုံလောက်မှုများမှာ အစိုးရအဖွဲ့ အဆင့်ဆင့်တွင် ရှိနေသည်မှာ မှန်သော်လည်း တစ်ဖက်တွင် ရှိပြီးသားအရင်းအမြစ်များကိုပင် အပြည့်အဝအသုံးမချနိုင်သေးသဖြင့် ထိထိရောက်ရောက်အသုံး ချနိုင်အောင်ဆောင်ရွက်ရန်၊ လူ့အရင်းအမြစ်နှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် လုပ်ငန်းစဉ်၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် အာဏာခွဲဝေပေးမှုလုပ်ငန်းစဉ်များနှင့် အပြိုင်ဆောင်ရွက်ရန်။

၁၅။ ရှိရင်းစွဲအရင်းအမြစ်များကို ခွဲဝေမှုသက်သက်ကိုသာအာရုံမစိုက်ဘဲ ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးရှိ စီးပွားရေးကဏ္ဍများ ပိုမိုကြီးမားကျယ်ပြန့်လာပြီး အခွန်အရင်းအမြစ်များ များပြား လာအောင်ဆောင်ရွက်ရန်။

(က) ယင်းသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ကုန်ချောအဆင့်ဆင့် ထုတ်သည့် လုပ်ငန်းစဉ် Value-added process ကိုတိုးတက်လာအောင်ဆောင်ရွက်ရန်။

(ခ) ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အခွန်လျှော့ပေါ့သည့် နည်းလမ်းတစ်ခုတည်း သာ မကျင့်သုံးဘဲ အခြားမက်လုံးများကိုလည်း ဖန်တီးပေးခြင်းနှင့် အခြေခံ အဆောက်အဦများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ဂ) ယခင်အစိုးရများလက်ထက်တွင် အခြေအနေကြောင့် ခရိုနီအရင်းရှင်စီးပွားရေး အောက်တွင် အခွင့်အလမ်းကောင်းများရရှိခဲ့သော လုပ်ငန်းကြီးများ၌ စုဆောင်းရောက်ရှိနေ သော အရင်းအနှီးငွေများကို ပြည်နယ်နှင့် တိုင်းဒေသကြီးစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံလုပ်ကိုင် နိုင်အောင် ဆောင်ရွက်ပေးရန်။

၁၆။ အခွန်ကောက်ယူရာတွင်လည်း အခွန်အပြည့်အဝမပေးဆောင်သူ၊ အခွန်ရှောင်သူနှင့် အခွန် ကောက်ခံသူ ဝန်ထမ်းများအပါအဝင် အဂတိလိုက်စားမှုနှင့်ဆက်စပ်သော သူအားလုံးကို ထိထိ ရောက်ရောက်အရေးယူ ဆောင်ရွက်ရန်။

၁၇။ ဝင်ငွေအမှန်ရရှိသူများနှင့် ငွေကြေးခဝါချသူများအား ဝင်ငွေခွန်ကောက်ခံရာတွင် တပြေးညီနှုန်းထားဖြင့် တန်းတူကောက်ခံနေခြင်းကို ပယ်ဖျက်၍ တရားမျှတမှုရှိသော နှုန်းထားများဖြင့် ပြင်ဆင်ကောက်ခံရန်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ စီးပွားရေးကဏ္ဍ (အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း) မှ ဆွေးနွေးအကြံပြုတင်ပြချက်များကို ထိရောက်အောင်မြင်စွာ ရေးဆွဲပြဌာန်း၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် အရေးကြီးကြောင်း အလေးအနက်ထားပြီး တင်ပြအပ်ပါသည်။

## လုံခြုံရေးကဏ္ဍ - နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသင့်သည့်မူများ

(၁) အစိုးရ အစုအဖွဲ့၏ တင်ပြချက်

*မျှော်မြင်ချက် (Vision)*

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်ရေးသည် အမျိုးသားရေးရည်မှန်းချက်ဖြစ်ပါ သည်။

ဤသို့ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းစေရေးအတွက် အုပ်ချုပ်ရေးအာဏာသက်ရောက်မှုရှိရေးသည် အမျိုးသားလုံခြုံရေး ရည်မှန်းချက်ဖြစ်ပါသည်။

ထိုသို့ဖြစ်စေရန်အတွက် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ရည်မှန်းချက်များထားရှိပါသည်။

နိုင်ငံတစ်နိုင်ငံတည်ငြိမ်မှုမရှိပါက စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး အဖက်ဖက်မှ ယုတ်လျော့လာသည့်အပြင် အခြားနိုင်ငံများ၏ အထင်အမြင်သေးမှု၊ စော်ကားမှု၊ စွက်ဖက်မှုများကိုခံရကာ အချုပ်အခြာ အာဏာထိပါးခံရပြီး၊ အမျိုးသားရေးလုံခြုံရေးစည်းကျိုးပေါက်ကာ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွါး ဖော်ဆောင်နိုင်သည့်စွမ်းရည် တစ်နည်းအားဖြင့် နိုင်ငံစွမ်းအားသည်လည်း ကျဆင်း ယုတ်လျော့လာပါမည်။

မျက်မှောက်ခေတ် နိုင်ငံတကာအခြေအနေတွင် ကမ္ဘာ့နိုင်ငံများ၌ ပြည်ပကျူးကျော်မှုအန္တရာယ်ထက် ပြည်တွင်းရေးရာပြဿနာများကသာ လုံခြုံရေးကို ပိုမိုထိပါးခြိမ်းခြောက်လာနိုင်ပါသည်။ ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှု၊ ဆင်းရဲတွင်းနက်မှု၊ အလုပ်လက်မဲ့ပြဿနာများ၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုနှင့် သဘာဝဘေးအန္တရာယ်များသည် နိုင်ငံတော်လုံခြုံရေးကို အဓိက ခြိမ်းခြောက်နေပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ပြည်ထောင်စုတပ်မတော် အင်အားတောင့်တင်းခိုင်မာစေရန်အတွက် အစိုးရ၊ လွှတ်တော်များနှင့် တိုင်းရင်းသား ပြည်သူများအားလုံးနှင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလာရန် ဆောင်ရွက်သွားသင့်သည်။

*မျှော်လင့်ချက် (Expectation)*

နိုင်ငံတော်လုံခြုံရေးအတွက် လူသားလုံခြုံရေးဗဟိုပြုသည့် နယ်ပယ် (၇) ရပ် (Human Security) ဖြစ်သော စီးပွါးရေးလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးလုံခြုံမှု၊ ပတ်ဝန်းကျင်လုံခြုံမှု၊ လူပုဂ္ဂိုလ်လုံခြုံမှု၊ အဖွဲ့အစည်းဆိုင်ရာလုံခြုံမှု၊ နိုင်ငံရေးလုံခြုံမှုမှသည် အမျိုးသားအကျိုးစီးပွါး လုံခြုံမှုအထိ အမျိုးသားလုံခြုံရေးဆိုင်ရာ ရည်မှန်းချက်များချမှတ်ပြီး ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်း တည်ဆောက် စီမံဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအခြေခံသင့်သည့်မူများအား ဆွေးနွေး ဖော်ထုတ်ရန် အခြေခံသင့်သည့်မူများ -

*(က) ကာကွယ်ရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ်ဆိုင်ရာ အခြေခံမူများ*

- နိုင်ငံတော်ရှိ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရစီရင်စုများ စသည့် နိုင်ငံတော်၏နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ။
- တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခု တည်းသော ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေး အတွက် အဓိကအကျဆုံး လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပြီး၊ ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် ဦးဆောင်ရမည်။
- ပြည်ထောင်စုတပ်မတော်သည် တိုင်းရင်းသားလူမျိုးများအားလုံးဖြင့် ပါဝင် ဖွဲ့စည်းသော တပ်မတော်လည်းဖြစ်သည်။ မိမိနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံး၏ တပ်မတော်များ ကဲ့သို့ တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်ကို Standard Army ဖြစ်အောင် တည်ဆောက်ရမည်။
- နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့ အားလုံး၏ အကြီးအကဲဖြစ်သည်။
- တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ဦးဆောင်မှုဖြင့် ပြည်သူ့စစ် မဟာဗျူဟာကို ဖော်ဆောင်ရမည်။
- နိုင်ငံတော်အတွင်း လူမျိုးရေးနှင့် ဘာသာရေးမတူကွဲပြား၊ အစွဲအလမ်းများကြောင့် ခွဲထွက်လိုမှုနှင့် ပဋိပက္ခများမဖြစ်အောင်ကာကွယ်ရေး၊ လုံခြုံရေးအမြင်များဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည်။
- ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို တမျိုးသားလုံး စောင့်ကြည့်ကာကွယ်သွားရမည်။
- နယ်စပ်ဖြတ်ကျော်ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်မှုများနှင့် တရားမဝင်လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လက်နက်ခဲယမ်းမှောင်ခိုမှုနှင့် ငွေကြေးခဝါချမှုများကို တားဆီးရမည်။
- သတင်းအချက်အလက်နည်းပညာ တဟုန်ထိုးတိုးတက်လာမှုကြောင့် မီဒီယာ အမျိုးမျိုးကို လက်နက်အဖြစ် အသုံးချလာမှုများအား တားဆီးထိန်းချုပ်နိုင်ရမည်။

- ထာဝရငြိမ်းချမ်းရေး သဘောတူညီချက်ရပြီးလျှင် ပြည်ထောင်စုတပ်မတော်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပူးပေါင်းတာဝန်ထမ်းလိုပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်။
- နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။
- ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား အသက်အပိုင်းအခြားအလိုက် တပ်မတော်သားများအဖြစ် လုပ်ထုံးလုပ်နည်းနှင့်အညီ တာဝန်ထမ်းဆောင်စေသင့်သည်။
- နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာပါက လိုအပ်ချိန်တွင် တပ်မတော်မှ ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးရမည်။
- နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေကျရောက်လာပါက ဥပဒေနှင့်အညီ အေးချမ်း တည်ငြိမ်မှုရရှိရေး တပ်မတော်က တာဝန်ယူဆောင်ရွက်ရမည်။

(ခ) *လုံခြုံရေးဆိုင်ရာဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ်ဆိုင်ရာ အခြေခံမှုများ*

- တည်ရှိပြီးအဖွဲ့အစည်းများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန် ဦးစီးဌာနစသော ဥပဒေထိန်းသိမ်းရေးအဖွဲ့များ ဖြစ်သည်။
- တည်ဆဲဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး အတွက် ဆောင်ရွက်သွားရမည်။
- လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာလိုအပ်ချက်များ နှင့်အညီ ဆောင်ရွက်ရမည်။
- တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုရှိရန် တရားဥပဒေစိုးမိုးရေးအတွက် အုပ်ချုပ်ရေးအာဏာ သက်ရောက်မှုရှိစေရန် ခိုင်မာကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို တည်ဆောက် ရမည်။
- နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရာတွင် လူမျိုးရေး၊ ဘာသာရေးဆိုင်ရာ ခွဲခြားမှုမရှိဘဲ တန်းတူရည်တူအခွင့်အရေး ရရှိစေရေးအတွက် အလေးထား ဆောင်ရွက်သွားသင့်သည်။
- စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတွင် တိုင်းတစ်ပါးလူမျိုးခြားများ ဥပဒေမဲ့ စိမ့်ဝင်ထိုးဖောက် ဝင်ရောက်လာမှုများကို ကြိုတင်ကာကွယ် ဖော်ထုတ်တားဆီးရမည်။
- တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား နိုင်ငံတကာ စံချိန်စံညွှန်း နှင့်အညီ Standard Law Enforcement ဖြစ်စေရေးအတွက် တိုးမြှင့်ဖွဲ့စည်း ဆောင်ရွက် သွားသင့်ပါသည်။

(၂) လွှတ်တော်အစုအဖွဲ့၏ တင်ပြချက်

*ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် - ဦးအောင်ဆန်း (အမျိုးသားဒီမိုကရေစီပါတီ*)

က။ နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးဆိုသည်မှာ လက်တွေ့ကျကျ၊ သဘာဝကျကျ တတ်သိသူများနှင့်သေသေချာချာ နက်နက်နဲနဲလုပ်ရမည်ဖြစ်သည်။

ခ။ တပ်မတော်အင်အားကြီးစေရန် နည်းပညာ (IT) နှင့် လက်နက်အင်အား လိုအပ်ပါသည်။

ဂ။ တပ်မတော်နှင့်ရဲတပ်ဖွဲ့သည် တိုင်းပြည်လုံခြုံရေးနှင့်ကာကွယ်ရေးမှာ အဓိကကျပါသည်။

ဃ။ အမျိုးသားနှင့်ပြည်ထောင်စုအဖွဲ့နှင့်ပတ်သက်ပြီး "ထောက်လှမ်းရေးအဖွဲ့" လိုအပ်ပါသည်။

င။ လက်နက်ကိုင်တပ်ဖွဲ့များပေါင်းစည်းသွားလျှင် တိုင်းရင်းသားချစ်ကြည်ရေးကောင်းတည်ဆောက်မည်။

*စစ်ကိုင်းတိုင်းဒေသကြီး အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် - ဦးမြတ်ကို*

က။ နိုင်ငံတော်ကာကွယ်ဖို့လုံခြုံဖို့ တိုင်းရင်းသားအားလုံးပါဝင်သော တစ်ခုတည်းသောတပ်မတော်အဖြစ်ဖွဲ့စည်းရန်။

ခ။ လက်မှတ်မထိုးသေးသည့် အဖွဲ့များဖြင့်လည်း အဆက်မပြတ် ဆွေးနွေးနေရန်လိုအပ်ပြီး အဆင့်လိုက်အကောင်အထည်ဖော်ရန်လိုအပ်သည်။

*ဦးခွန်လိန် (ချင်းတိုးတက်ရေးပါတီ)*

က။ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးဟာ အဓိကဖြစ်ပြီး တစ်ခုတည်းသောပြည်ထောင်စုတပ်မတော် လိုအပ်သည်။

ခ။ ပြည်ထောင်စုစိတ်ဓါတ်ဖြင့် လုပ်ဆောင်ရန်နှင့် DDR/SSR ဖေါ်ဆောင်ရာတွင် တောင်အာဖရိကနိုင်ငံကဲ့သို့ အချိန်ယူပြီးဆက်လက် ဆွေးနွေးကြမည်ဆိုလျှင် အားလုံးအတွက် အဖြေကိုရရှိမည်။

*ဦးတင်စိုး (ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)*

က။ စီးပွားရေး၊ စစ်ရေးနှင့် နည်းပညာပါဖွံ့ဖြိုးတိုးတက်လာသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာသည့် တရုတ်၏စိတ်ဝင်စားမှု မြင့်မားလာမှု။

ခ။ သယံဇာတပေါကြွယ်ဝမှုကို မိမိတို့ထိထိရောက်ရောက်မသုံးနိုင်ပါက နည်းပညာ၊ လူ့စွမ်းအား အရင်းအနှီးမြင့်မားသော အင်အားကြီးသူတို့ မက်မောစရာဖြစ်နေမှု။

ဂ။ နိုင်ငံတော်တွင် ပြည်ထောင်စုတပ်မတော်တစ်ရပ်သာရှိသင့်သည်။

ဃ။ လက်ရှိတပ်မတော်တွင် တိုင်းရင်းသားများအားလုံး ပါဝင်နိုင်ရေး စီမံဆောင်ရွက်သင့်သည်။

*ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် - ဦးသာညွန့်*

က။ လုံခြုံရေးနှင့်ပတ်သက်ပြီး အာဏာခွဲဝေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအား အတိုင်းအတာတစ်ခု ပေးထားသင့်သည်။

(၃) တပ်မတော်အစုအဖွဲ့၏ တင်ပြချက်

*အမျိုးသားအကျိုးစီးပွား (National Interest)*

က။ အမျိုးသားအကျိုးစီးပွား (National Interest) ဆိုသည်မှာ နိုင်ငံတော်၏လိုအပ်ချက်၊ နိုင်ငံတော် အတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသားတို့၏လိုအပ်ချက်ပင်ဖြစ်သည်။

*အမျိုးသားရေးမူဝါဒ (National Policy)*

၁။ ဒို့တာဝန်အရေးသုံးပါးသည် အမျိုးသားရေးမူဝါဒဖြစ်သည်။

*အမျိုးသားရေးရည်မှန်းချက်များ (National Goals)*

၂။ အမျိုးသားရေးရည်မှန်းချက်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးပင်ဖြစ်ပါသည်။

*နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးမူဝါဒ*

၃။ မြန်မာ့တပ်မတော်သည် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို အစဉ် ဦးထိပ်ထား၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို အမြဲတစေ ထမ်းဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၀၊ ပုဒ်မ ၄၂ နှင့် အခန်း(၇) တပ်မတော်ကဏ္ဍ ပုဒ်မ ၃၃၇၊ ၃၃၈၊ ၃၃၉၊ ၃၄၀၊ ၃၄၁ ဖြင့် အတိအလင်း ပြဋ္ဌာန်းထားရှိပါသည်။

၄။ အမျိုးသားကာကွယ်ရေးမူဝါဒကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို ထိပါးနှောင့်ယှက်မည့်အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်။

(၂) တပ်မတော်ကိုမဏ္ဍိုင်ပြု၍ တိုင်းရင်းသားပြည်သူများ၏ ပြည်တွင်းစွမ်းအား စုများအပေါ် အခြေတည်ကာ ပြည်သူ့စစ်မဟာဗျူဟာဖြင့် နိုင်ငံတော်ကာကွယ်ရေး တည်ဆောက်ရန်။

(၃) အခြားနိုင်ငံများ၏ ပြည်တွင်းရေးများကို စွက်ဖက်ခြင်းမပြုသကဲ့သို့ ပြည်ပ နိုင်ငံများ၏ ကျူးကျော်တိုက်ခိုက်မှု၊ ပြည်တွင်းရေးကို နည်းမျိုးစုံ၊ ပုံစံမျိုးစုံအသုံးပြု၍ ဝင်ရောက် စွက်ဖက်မှုတို့အား ရဲဝံ့ထိရောက်စွာကာကွယ်ရန်။

(၄) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်အညီ အခြား နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကိုရှေးရှုသည့် ကာကွယ်ရေးစနစ်ကျင့်သုံးရန်။

(၅) အခြားနိုင်ငံများနှင့် စစ်ရေးမဟာမိတ်ဖွဲ့ခြင်း၊ နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံကိုမျှ တပ်ချထားခြင်းကို ခွင့်မပြုရန်။

(၆) သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စများ၊ အကြမ်းဖက်မှု ဆန့်ကျင်ရေးကိစ္စများတွင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံ၏ သဘာဝဘေးအန္တရာယ်များကို ကူညီဆောင်ရွက်ရန်။

*နိုင်ငံတော်၏ လုံခြုံရေးမူဝါဒ*

၈။ နိုင်ငံလုံခြုံရေးဆိုသည်မှာ “နိုင်ငံတစ်ခု၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာရေးရာ၊ သဘာဝပတ်ဝန်းကျင်ရေးရာ၊ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာစသည့် ဘက်စုံကဏ္ဍရပ်( Multi - Dimensional Sector) များတွင် ပြည်ပမှ လည်းကောင်း၊ ပြည်တွင်းမှ လည်းကောင်း၊ ပြည်တွင်း/ပြည်ပမှ ဆက်သွယ်ခြယ်လှယ်၍ လည်းကောင်း ခြိမ်းခြောက်အန္တရာယ်ပြုနေမှုများမှ ကင်းဝေးစွာ ရှောင်ကွင်း၊ ဟန့်တား၊ ထိန်းချုပ်ဖြေရှင်း၍ နိုင်ငံတော်၏အမျိုးသား အကျိုးစီးပွားကို အလေးထားဖော်ဆောင် ပေးမည့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားတိုင်း လိုက်နာ ဆောင်ရွက်ကြရမည့် နိုင်ငံတော်၏ မူဝါဒတစ်ရပ်ပင်ဖြစ်သည်” ဟုဆိုနိုင်ပါသည်။

*တစ်ခုတည်းသောတပ်မတော်ထားရှိရေးမူဝါဒ*

၆။ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး ပြည်သူကြားက ပေါက်ဖွားလာသည့် တစ်ခုတည်းသော ပြည်သူ့တပ်မတော်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုတပ်မတော်ပင် ဖြစ်ပါသည်။
၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၃၈) ပါ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်း သည် တစ်ခုတည်းသော တပ်မတော်ထားရှိရေးမူဝါဒပင် ဖြစ်ပါသည်။

*နိုင်ငံရေးလမ်းပြမြေပုံ*

၈။ မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန် NCA လက်မှတ်ရေးထိုးရုံဖြင့် မပြီးသေးဘဲ နိုင်ငံရေးလမ်းပြမြေပုံပါ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ကျန်ရှိနေပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည် ပေါင်းစည်းခြင်း လုပ်ငန်းများဖြစ်သော (SSR/DDR) လုပ်ငန်းစဉ်များကို လမ်းပြမြေပုံပါ အတိုင်း အမျိုးသားရေးအသွင်ဖြင့် ဆက်လက် အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

*လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း (SSR) လုပ်ငန်းစဉ်များ*

၉။ မြန်မာနိုင်ငံနှင့် SSR ။ နိုင်ငံတကာတွင် SSR ဖော်ဆောင်ခဲ့ရသည့် အကြောင်းရင်းကို လေ့လာကြည့်ပါက အဆိုပါနိုင်ငံများတွင် လုံခြုံရေးဆိုင်ရာ အရင်း အမြစ်များနည်းပါးပြီး လုံခြုံရေးကဏ္ဍ အားနည်းသောကြောင့် နိုင်ငံနှင့်နိုင်ငံသား လုံခြုံရေး အား ထိရောက်စွာ ကာကွယ်မှုမပြုနိုင်ခြင်း၊ အုပ်ချုပ်သူအစိုးရအနေဖြင့်လည်း ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) ဖော်ဆောင်နိုင်မှု မရှိခြင်းတို့ကြောင့် လုံခြုံရေးကဏ္ဍပြုပြင် ပြောင်းလဲခြင်း (Security Sector Reform - SSR) ကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း (SSR) ဖော်ဆောင်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန်မလိုအပ်ဘဲ အချို့ နယ်မြေများတွင်သာ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း (Localized SSR) ကို ဖော်ဆောင်သွားရမည် ဖြစ်ပါသည်။

*DDR လုပ်ငန်းစဉ်များ*

၎။ DDR လုပ်ငန်းစဉ်အား ပဋိပက္ခအလွန်တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဖော်ဆောင်ရာတွင် ဆက်လက်ဆောင်ရွက်ရပါမည်။ အုပ်ချုပ်သူအစိုးရ (Government)၊ တပ်မတော် (Military)၊ လက်နက်ကိုင်အဖွဲ့အစည်းများ (Armed Groups) တို့ ညှိနှိုင်းဆောင်ရွက်ရသည်။

*တပ်မတော်အား Standard Army အဖြစ် တည်ဆောက်ရေး*

ဌ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ခေတ်မီလက်နက်များ တပ်ဆင်ရန်လိုအပ်၍လည်းကောင်း၊ ပထဝီအနေအထားအရ အရေးပါသည့်နေရာ၌ တည်ရှိနေ၍လည်းကောင်း၊ မျက်မှောက်ခေတ် ခေတ်မီသိပ္ပံနှင့် နည်းပညာ၊ စစ်မှုရေးရာအတတ်ပညာများ တိုးတက်ပြောင်းလဲလာ၍လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေနှင့် စစ်အင်အားအရလည်းကောင်း၊ မြန်မာ့တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် ဖြစ်လာစေရန် Standard Army အဖြစ်သို့ တည်ဆောက်သွားရမည်ဖြစ်ပါသည်။

*ထပ်မံစဉ်းစားသင့်သည့် အချက်များ*

ဍ။ အိမ်နီးချင်းနိုင်ငံအချို့၏ လူဦးရေတိုးတက်မှုနှုန်း များပြားလွန်းသဖြင့် မိမိနိုင်ငံအတွင်းသို့ တရားမဝင် ကျူးကျော်ဝင်ရောက်အခြေချနေထိုင်မှုများကို ကာကွယ်တားဆီးရေး ဆောင်ရွက်ရမည်။

ပ။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် တစ်ခုတည်းသောတပ်မတော်ထားရှိရေးနှင့် ဦးဆောင်မှု ရယူဆောင်ရွက်ရပါမည်။

ဏ။ မြန်မာ့တပ်မတော်သည် တိုင်းရင်းသားလူမျိုးများအားလုံးဖြင့် ပါဝင်ဖွဲ့စည်းထားသော တပ်မတော်ဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုတပ်မတော်ပင်ဖြစ်သည်။ တိုင်းရင်းသားများနှင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်ကို Standard Army ဖြစ်အောင် တည်ဆောက်ရမည်။

တ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်၏ စစ်မှုထမ်းစည်းမျဉ်းဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရေး တပ်မတော်က အမြဲကြိုဆိုဖိတ်ခေါ်လျက်ရှိပါသည်။

*သုံးသပ်တင်ပြချက်*

ထ။ ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအားလုံးသည် မည်သည့်အကြောင်းနှင့်မျှ ပြည်ထောင်စုမှခွဲထွက်ခြင်းမပြုရန် လိုအပ်ပါသည်။

ဒ။ လုံခြုံရေးကဏ္ဍပြန်လည်ပေါင်းစည်းခြင်း (SSR/DDR) လုပ်ငန်းစဉ်ကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးညီလာခံများကို (၃) နှစ်မှ (၅) နှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

(၄) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၏ တင်ပြချက်

*ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအခြေခံမူများ*

က။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးတပ်ဖွဲ့များသည် ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရမည်။

ခ။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးတပ်ဖွဲ့များသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရမည်။

ဂ။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးတပ်ဖွဲ့များသည် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေးစားလိုက်နာရမည်။

ဃ။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မည်သည့်နိုင်ငံရေးပါတီ၏ ပါတီဝင်မှု မဖြစ်စေရ။ မည်သည့်နိုင်ငံရေးပါတီ (သို့) လူပုဂ္ဂိုလ်တို့၏ ဩဇာခံမဖြစ်စေရ။

င။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးဆိုင်ရာ တပ်ဖွဲ့ဝင်များ ဖွဲ့စည်းတာဝန်ပေးအပ်မှုတွင် ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏ အချိုးကျကိုယ်စားပြုမှုရှိရမည်။

စ။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးဆိုင်ရာတပ်ဖွဲ့ဝင်များအတွင်း လူမျိုး၊ ဘာသာ၊ အသား အရောင်၊ လိင်နှင့် လိင်သဘောထားခံယူမှုတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမရှိစေရ။

ဆ။ လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရာတွင် နိုင်ငံရေးသဘောတူညီချက်များ အပေါ် အခြေခံရမည်။

ဇ။ တိုင်းရင်းသားလူမျိုးများသည် လုံခြုံရေးဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ရ မည်။

ဈ။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးတပ်ဖွဲ့များသည် အရပ်ဘက်ကွပ်ကဲမှုနှင့် အုပ်ချုပ်မှုအောက်တွင် ရှိရမည်။

ည။ လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ကာကွယ်ရေး (တပ်မတော်) ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု တစ်ခုတည်းသာမဟုတ်ဘဲ ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးတို့ အပါအဝင် လုံခြုံရေးနှင့်သက်ဆိုင်သော ကဏ္ဍများအားလုံးကို ပြုပြင်ပြောင်းလဲရမည်။

မှတ်ချက်။ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၁၄) ရက်နေ့မှ (၁၅) ရက်နေ့ အထိပြုလုပ်သော ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒဆွေးနွေးပွဲတွင် မူပိုင်းဆိုင်ရာ အချက်အလက်များကိုသာ တင်ပြဆွေးနွေးရန် သတ်မှတ် ထားသောကြောင့် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

အစုအဖွဲ့မှ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ "မူ" များကိုသာ တင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်ပါသည်။

(၅) နိုင်ငံရေးပါတီများအစုအဖွဲ့၏ တင်ပြချက်များ

*ဦးခင်မောင်ကြည်၊ အတွင်းရေးမှူး၊ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ*

က။ NCA လက်မှတ်ထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းနိုင်ရေး စည်းရုံးဆောင်ရွက်သင့်သည်။

ခ။ ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရာတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း) ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် တပ်များဖွဲ့စည်း နေရာချသွားသင့်သည်။

ဂ။ ပြည်ထောင်စုတပ်မတော်တွင် တိုင်းရင်းသားပေါင်းစုံလက်နက်ကိုင်အဖွဲ့အစည်းမှ စစ်သည်များကို ဖွဲ့စည်းနိုင်သည့် တပ်အင်အားကို သတ်မှတ်ရမည်။

ဃ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ စစ်သည်များအား တပ်တွင်း ရာထူး/ အဆင့်များ သတ်မှတ်ရာတွင် မည်သည့်အဆင့်ထိသတ်မှတ်နိုင်ကြောင်းနှင့် ရပိုင်ခွင့်များ တန်းတူရေး တိကျစွာဖော်ပြရမည်။

င။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တပ်မတော်တပ်ရင်းများ တို့ချဲ့ဖွင့်လှစ်ရမည်။

*စောဒယ်နီယယ်၊ ဥက္ကဋ္ဌ၊ ကယားလူမျိုးစုပါတီ*

က။ ပြည်ထောင်စုတပ်မတော်သည် လူမျိုးတစ်မျိုး၊လူအုပ်စု၊ ပါတီတစ်ခု၊ လူပုဂ္ဂိုလ် တစ်ဦး၏ သြဇာခံ မဖြစ်စေရ။ ပြည်ထောင်စု၏အကျိုးစီးပွားကိုသာ ကာကွယ်သင့်သည်။

ခ။ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် အရပ်ဘက်ကွပ်ကဲမှုနှင့် အုပ်ချုပ်မှု အောက်တွင် ထားရှိသွားနိုင်ရန် ပြန်လည်သုံးသပ်သင့်သည်။

*မန်းအောင်ပြည်စိုး၊ ဒုဥက္ကဋ္ဌ - ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ*

က။ တိုင်းရင်းသားတပ်မတော်သားများ၏ ရာထူးသတ်မှတ်ချက်များနှင့် ပတ်သက်၍ တပြေးညီ သတ်မှတ်ရန်။

ခ။ အရေးပေါ်ကာလသတ်မှတ်ခြင်း၊ စစ်ပြခြင်း စစ်ပြေငြိမ်းခြင်းများနှင့် ပတ်သက်၍ ကာ/လုံ၏ တင်ပြချက်အပေါ် သမ္မတမှ မိမိဆန္ဒနှင့်အညီ အမိန့်ထုတ်ပြန်ရန်။

*ဦးမင်းမင်းထွန်း၊ ဥက္ကဋ္ဌ - ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ*

က။ နိုင်ငံတော်ကာကွယ်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အင်အားကြီးမားသော တိုင်းရင်းသားအားလုံးပါဝင်သည့် တပ်မတော်တစ်ရပ်ရှိသင့်ပြီး လက်နက်ကိုင်အဖွဲ့ အစည်းများ အားလုံးသည် တပ်မတော်ရဲ့ ကွပ်ကဲမှုအောက်မှာရှိရမည်။ (၂၀၀၈ ဖွဲ့/ဥပဒေ အခန်း(၇) ပုဒ်မ ၃၃၈ အရ)

ခ။ မြန်မာနိုင်ငံနှင့် နယ်နမိတ်ဆက်စပ်လျက်ရှိသော ပြည်ပနိုင်ငံများရဲ့ အနေအထား အရ နယ်စပ်ကာကွယ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်မှ တိုက်ရိုက် တာဝန်ယူရမည်။

ဂ။ ပြည်တွင်းလုံခြုံရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ရဲတပ်ဖွဲ့မှ တာဝန်ယူဆောင်ရွက်ရမည်။ ရဲတပ်ဖွဲ့ဖြင့်မလုံလောက်ပါက တပ်မတော်က တာဝန်ယူဆောင်ရွက်ရပါမည်။

*Daw Angela Thaung၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ကယန်းအမျိုးသားပါတီ*

က။ အမျိုးသမီးများကို အကြမ်းဖက်ခြင်းကိစ္စများတွင် တပ်မတော်မှ အပြစ်ကျူးလွန်သူများ အနေဖြင့် ပစ်ဒဏ်ကျခံခြင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၉ အရ စစ်ဘက်ဆိုင်ရာ တရားရုံးများမှ စစ်ဆေးရမည်ဖြစ်သော်လည်း ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ပြစ်ဒဏ်ချမှတ်ခြင်းမှ ကင်းလွတ်ခြင်းမရှိစေရန် စစ်ခုံရုံးမှစစ်ဆေးခြင်းအပြင် အရပ်ဘက်ခုံရုံးမှလည်း စစ်ဆေးသင့်ပါသည်။

ခ။ အမျိုးသမီးရဲမေဝန်ထမ်းများကို မြို့ငယ်များနှင့် ရွာများတွင် တိုးချဲ့ခန့်ထားသင့်သည်။

*ဦးကျော်၊ ဒုဥက္ကဌ၊ အမျိုးသားဒီမိုကရေစီပါတီ*

က။ နိုင်ငံတော်၏တည်နေရာအနေအထားအရ အင်အားတောင့်တင်းသော ခေတ်မီသည့် တပ်မတော်တစ်ရပ် မွေးထုတ်ပေးရမည်။

ခ။ ပြည်တွင်းငြိမ်းချမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်ရန် ကြိုးပမ်းနေရသလို ဒီမိုကရေစီ စနစ်နှင့်အညီ သဟဇာတဖြစ်သောအခြေခံမူများ ချမှတ်ရမည်။

ဂ။ လုံခြုံရေးပြန်လည်ပေါင်းစည်းရာတွင် ဖွဲ့စည်းမည့်ပုံစံ၊ တာဝန်၊ ခံစားခွင့်များ အစရှိသည်တို့ကို ကြိုတင် ပြင်ဆင်ထားရမည်ဖြစ်သကဲ့သို့ တာဝန်ပေးရာ၌ တန်းတူအခွင့်အရေးပေးရမည်။

ဃ။ နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်ရန်အတွက် နိုင်ငံတကာရဲတပ်ဖွဲ့ထိ အဆင့်မီအောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

ခ။ ဒေသတွင်းစစ်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်းများနှင့် ခေတ်မီသတင်း အချက်အလက်နည်းပညာများဖြင့် အသုံးချရမည်။

*ခွန်ထွန်းရွှေ၊ တွဲဘက်အတွင်းရေးမှူး (၂) - ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ*

က။ တိုင်းရင်းသားအားလုံးပါဝင်သော အနှောင်အဖွဲ့ကင်းသော ဖယ်ဒရယ်ပြည်ထောင်စု တပ်မတော် တည်ဆောက်ရမည်။

ခ။ ဒေသဆိုင်ရာ မိဘပြည်သူများပါဝင်သော မိဘပြည်သများ၏ လူမှုဘဝလုံခြုံရေးကို တာဝန်ယူနိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ရမည်။

*ဦးအောင်သန်းတင့်၊ ဥက္ကဌ - ဗမာပြည်သူ့ပါတီ*

က။ လုံခြုံရေးကဏ္ဍအနေနှင့် ဖက်ဒရယ်စနစ်ဖြစ်သဖြင့် စစ်မှန်သည့်ပြည်ထောင်စုစနစ်ဖြစ်သောကြောင့် နိုင်ငံတကာအဆင့်မှီတဲ့ ပြည်ထောင်စုတပ်မတော်တစ်ရပ်ရှိရမည်။

ခ။ ပြည်တွင်းတရားဥပဒေစိုးမိုးပြီး လုံခြုံမှုရှိရန်အတွက် ပြည်သူ့ရဲကို ခေတ်မီပြီး နိုင်ငံတကာအဆင့်မီ ရဲတပ်ဖွဲ့ဖြစ်ရန် အထူးလိုအပ်သည်။

ဂ။ နိုင်ငံရေးပြဿနာသည် တိုင်းရင်းသားအရေးဖြစ်သောကြောင့် တိုင်းရင်းသားများ၏ အခွင့်အရေးကို တန်းတူညီမျှဖြစ်ရေးအတွက် မူချမှတ်သင့်သည်။

*ပူးကမ်လမ်ခုပ်၊ ဖိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ*

က။ ပြည်ထောင်စုတပ်မတော်သည် ပြည်ပစစ်ကို ကာကွယ်ရန်ဖြစ်သည်။

ခ။ နိုင်ငံတော်သမ္မတသည် စစ်သေနာပတိချုပ်ဖြစ်သင့်သည်။

ဂ။ စစ်ဦးစီးအဖွဲ့သည် ပြည်ထောင်စုတပ်မတော်နှင့် ပြည်နယ်တပ်မတော် အားလုံး ပါဝင်သောအဖွဲ့ ဖြစ်သင့်သည်။ ယင်းအဖွဲ့မှ အလှည့်ကျစနစ်နှင့် စစ်ဦးစီးချုပ်အား ခန့်အပ်ရမည်။

ဃ။ လုံခြုံရေးတွင် ပြည်ထောင်စုတပ်မတော်၊ ပြည်နယ်တပ်မတော်နှင့် ရဲတပ်ဖွဲ့များ ရှိရမည်။ ပြည်နယ်တပ်မတော်နှင့် ရဲတပ်ဖွဲ့များသည် ပြည်နယ်အစိုးရ၏ ကွပ်ကဲမှု အောက်တွင်ရှိရပါမည်။ မိမိတို့ဒေသတွင် အရေးပေါ်အခြေအနေဖြစ်ပေါ်လာလျှင် ပြည်ထောင်စုတပ်မတော်၏အမိန့်ကို နာခံလိုက်နာရမည်။

*ဦးမောင်စံအောင်၊ ဒုတိယဥက္ကဌ၊ မြို့အမျိုးသား ဒီမိုကရေစီပါတီ*

က။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရမှုနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်းပါဝင်သော ပြည်ထောင်စု တပ်မတော် တစ်ရပ်ရှိရမည်။

ခ။ အရည်အချင်းပြည့်ဝတဲ့ ပြည်သူ့ရဲတပ်ဖွဲ့ဖြစ်စေရမည်။

ဂ။ လက်နက်မပါကျူးကျော်ဝင်ရောက်နေထိုင်ကြသည့် ပြည်ပတရားမဝင် နိုင်ငံသား များကို ကာကွယ်ရမည့် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန စသည်တို့ကို နည်းပညာ မြှင့်တင်ပေးရမည်။

*တာလုဖေ၊ ဗဟိုကော်မတီအဖွဲ့ဝင် - တအာင်း(ပလောင်) အမျိုးသားပါတီ*

၃၃။ NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် ထာဝရ ငြိမ်းချမ်းရေးမရမီစပ်ကြား JMC လွှမ်းခြုံနိုင်မှုမရှိသေးမီစပ်ကြား စစ်ရှိန်လျော့ချရန်၊ စစ်ဘေး စစ်ဒဏ်သင့်ပြည်သူလူထုများအား ကူညီကယ်ဆယ်ပေးရန် ကိစ္စများကို မူတစ်ခုချမှတ်သွားရန်၊ ပြည်သူလူထုကို လက်နက်အားကိုး အနိုင်ကျင့်ဗိုလ်ကျ စိုးမိုးမှု မရှိစေရေးမူချမှတ်သွားရန်။

၃၄။ တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပျက်ပြားစေခြင်းနှင့် ပဋိပက္ခ မုန်းတီးမှုကို ဖြစ်ပေါ်စေမည့် အတင်းအဓမ္မ တပ်သားစုဆောင်းခြင်း၊ စားနပ်ရိက္ခာကောက်ခံခြင်း၊ ငွေကြေးကောက်ခံခြင်းနှင့် ကြီးနိုင်ငယ်ညှင်းကိစ္စ အထူး ရှောင်ရှားရန်။

၃၅။ လုံခြုံရေးနှင့် ကာကွယ်ရေးအခန်းကဏ္ဍတွင် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေး ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေးမူ ချမှတ်ပေးရန်။

(၆) တိုင်းရင်းသားကိုယ်စားလှယ် အစုအဖွဲ့၏ တင်ပြချက်

*က။ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်၍ -*

(၁) မြန်မာနိုင်ငံ၏ ဒေသတွင်း ပထဝီနိုင်ငံရေးနှင့် လုံခြုံရေးအရ ထူးခြားသည့် ဝိသေသကို အခြေခံ၍ ဒေသတွင်းလုံခြုံရေးကို မြှင့်တင်နိုင်သည့် နိုင်ငံတော်လုံခြုံရေးမူဝါဒ (National Security Policy) ကို ချမှတ်ရမည်။

(၂) ပြည်နယ်များတွင် ပြည်နယ်လုံခြုံရေးတပ်/ ပြည်နယ်စောင့်တပ်များကို ထားရှိရမည်။

(၃) ပြည်နယ်နယ်နမိတ်များကို လက်ရှိတည်ဆဲနယ်နိမိတ်များအတိုင်း ဆက်လက်ထားရှိရမည်။

(၄) ပြည်သူ့စစ်အဖွဲ့အစည်းများကို လိုအပ်သလို စနစ်တကျ ဖွဲ့စည်းနိုင်သည်။

နိုင်ငံတော်လုံခြုံရေးဆိုင်ရာမူဝါဒ ချမှတ်ရာတွင် လက်နက်အင်အား/စစ်အင်အားဖြင့် ကာကွယ်စောင့်ရှောက်သည့် မဟာဗျူဟာမျိုးထက် ဒေသတွင်းတွင်ငြိမ်းချမ်းရေးကို ဖော်ဆောင်၍ သံတမန်နည်းဖြင့် လွှမ်းမိုးနိုင်သည့် နည်းလမ်းကိုလည်း ထည့်သွင်းစဉ်းစားရန် အကြံပြုအပ်ပါသည်။ စစ်ရေးကိုအခြေမခံဘဲ နိုင်ငံကိုပြည်ပရန်မှ ကာကွယ်နိုင်ခဲ့သည့် တိုင်းပြည်များ၏အတွေ့အကြုံများကို နမူနာယူ၍ မိမိတို့၏အမျိုးသားလုံခြုံရေးမူဝါဒကို ချမှတ်သင့်သည်။

မိမိတို့ အနေနှင့် တရုတ်၊ အိန္ဒိယစသည့် အိမ်နီးချင်းများနှင့် စစ်ရေးအင်အားယှဉ်ပြိုင်နိုင်ရန် မလွယ်ကူပါ။ ထို့ကြောင့် ဒေသတွင်းငြိမ်းချမ်းရေးကိုရှေးရှုသည့် လုံခြုံရေးမူဝါဒမျိုး စဉ်းစားရန်နှင့် အရှေ့တောင်အာရှကိုသာမဟုတ်ဘဲ တောင်အာရှကိုပါ အာရုံစိုက်ရန် လိုအပ်ပါသည်။

*ခ။ ပြည်ထောင်စုတပ်မတော်နှင့်ပတ်သက်၍ -*

(၁) ပြည်ထောင်စုတပ်မတော်သည် အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိပြီး၊ ပြည်နယ် စောင့်တပ်ဖွဲ့များသည် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိရမည်။

(၂) ပြည်ထောင်စုတပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ပြည်ပရန်ကာကွယ်ရေး အတွက် အဓိကတာဝန်ရှိပြီး၊ ပြည်နယ်စောင့်တပ်ဖွဲ့များသည် သက်ဆိုင်ရာ ပြည်နယ် များ၏ လုံခြုံရေးအတွက် အဓိကတာဝန်ရှိသည်။

(၃) ပြည်ထောင်စုတပ်မတော်ကို ပြည်နယ်များမှ အချိုးကျစေလွှတ်သော အရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

(၄) ပြည်ထောင်စုတပ်မတော်တွင် တိုင်းရင်းသားများအား ကြည်း၊ ရေ၊ လေ တပ်မတော်များ အားလုံးတွင် လုပ်သက်နှင့် အရည်အချင်းတို့ကို အခြေခံ၍ ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူညီမျှ တာဝန်ပေးအပ်ရမည်။

ပြည်ထောင်စုတပ်မတော်ဟုဆိုရာ၌ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို ဆိုလို ခြင်း ဖြစ်ပါသည်။ အခုချက်ချင်းဖြစ်ရမည်ဟု မဆိုလို။ NCA စာချုပ်၏ ဖြစ်စဉ်အရ လာမည့် (၁၀) နှစ်-အနှစ် (၂၀) ခန့်အတွင်း ဖြစ်ပေါ်လာမည့် အချက်များကို စဉ်းစားပေးကြရန် ဖြစ်ပါသည်။

*ဂ။ လုံခြုံရေးကဏ္ဍပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်၍ -*

(၁) မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး တပ်ဖွဲ့များ နှစ်ဦးနှစ်ဘက်လက်ခံနိုင်သည့် ဘက်စုံပါဝင်သည့် လုံခြုံရေးကဏ္ဍ ပြန်လည်ပေါင်းစည်းရေး လမ်းပြမြေပုံနှင့်အညီ ဆောင်ရွက်ရမည်။

ငြိမ်းချမ်းရေးဆွေးနွေးရာ၌ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြောင်း ဆွေးနွေးကြသော်လည်း ပြည်သူ့စစ်များ၏အခန်းကဏ္ဍကို ဆွေးနွေးမှု နည်းပါး သေးသည်။ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် ပြည်သူ့စစ်များသည် တြိဂံ၏ ထောင့်သုံးထောင့်အဖြစ် သတ်မှတ်ပြီး ဤအင်စတီကျူးရှင်းသုံးရပ်အား လုံခြုံရေးကဏ္ဍ ပြန်လည်ပေါင်းစည်းရေးတွင် ထည့်သွင်းစဉ်းစားစေလိုပါသည်။

(၇) ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့၏ တင်ပြချက်

က။ နိုင်ငံတကာတွင် ကျင့်သုံးနေသော ကာကွယ်ရေးဖွဲ့စည်းထားမှု စနစ်များကို လေ့လာလက်ခံကျင့်သုံးပြီး၊ တခုတည်းသော ထိရောက်သည့် ကွပ်ကဲမှုရှိသည့် ပြည်ထောင်စုတပ်မတော် ထူထောင်ရန်လိုအပ်သည်။

ခ။ ပြည်ထောင်စုတပ်မတော်တည်ဆောက်ရေး ဆွေးနွေးကြရာတွင် တစ်ဖွဲ့ချင်း၏ အကျိုးစီးပွားများကို လေ့လာစဉ်းစား၍ သဘောတူညီချက်ရသည်အထိ ဆွေးနွေး ဆောင်ရွက်သွားရန် လိုအပ်သည်။

ဂ။ တိုင်းပြည်၏ တပ်မတော်ဖွဲ့စည်းမှုတွင် အမြဲတမ်းတပ်မတော် (Standing Army)၊ Military Reserve Forces နှင့် paramilitary forces များ ထားရှိမှုအားလုံးသည် ဥပဒေအရ ဖွဲ့စည်းထားမှု ဖြစ်သင့်သည်။

ဃ။ ပြည်ထောင်စုတပ်မတော်နှင့် ပတ်သက်၍ အပြန်အလှန်ထိန်းညှိမှုအတွက် ပြည်နယ် များတွင် လက်နက်ကိုင်အစုအဖွဲ့များ အာဏာဖြန့်ခွဲပြီး ထိန်းညှိခြင်းမဟုတ်ပဲ၊ ဒီမိုကရေစီ လုပ်ဟန်နှင့် အင်စတီကျူရှင်းများကို အခြေခံ၍ ထိန်းကျောင်းသွားရမည်။

င။ အမျိုးသားလုံခြုံရေး မဟာဗျူဟာ (National Security Strategy) ရေးဆွဲသင့်ပြီး၊ ရေးဆွဲရာတွင် အန္တရာယ်ကင်းရှင်းရေး (Safety)၊ ပြည်ပသြဇာလွှမ်းမိုးမှုမှ ကင်းရှင်းသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (National Autonomy)၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး (National Development) နှင့် ဒီမိုကရက်တစ်အုပ်ချုပ်မှု (Democratic Rule) စသည့်မှုများကို အခြေခံသင့်သည်။

စ။ အမျိုးသားကာကွယ်ရေးမူဝါဒ (National Defense Policy) သည် နိုင်ငံရေး ကင်းရှင်းမှု (Apolitical)၊ တာဝန်ခံမှု (Accountability)၊ စစ်ရေးနှင့် စီးပွားရေးအင်အား ချိန်ဆမှု (Affordability)၊ စွမ်းရည်ပြည့်ဝမှု (Capability) စသည့် မူများအပေါ်တွင် အခြေခံသင့်သည်။

ဆ။ အမျိုးသားလုံခြုံရေးဆိုင်ရာအခြေခံမူဝါဒများကို အဓိကအင်အားစုများ လက်ခံ ခြင်းဖြင့် မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတော်မူဝါဒအဖြစ် အကောင် အထည်ဖော်သွားနိုင်သည့် အခြေခံမူဝါဒဖြစ်ရမည်။

စ။ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးအဖြေရှာမှုများတွင် အမျိုးသား လုံခြုံရေးဆိုင်ရာ စွမ်းရည်ကို ထိခိုက်ခြင်းမရှိစေရ။

ည။ အမျိုးသားကာကွယ်ရေး မဟာဗျူဟာ (National Defense Strategy) ၏ Strategic Doctrine သည် ပြည်သူ့စစ်မဟာဗျူဟာ (People's War Strategic Doctrine) မှ Active Defense Strategic Doctrine သို့ ပြောင်းလဲပြီး၊ ကြည်းတပ်ကို Total Force၊ ရေတပ်ကို Green Water Navy Status၊ လေတပ်ကို Air Defense Assets များ ပိုင်ဆိုင်သောတပ်အဖြစ် တည်ဆောက်ခြင်းပြုလုပ်သင့်ပြီး၊ Joint Theatre Missile Defence (JTMD) ကို တိုးမြှင့် တည်ဆောက်သင့်သည်။

ဋ။ မြန်မာနိုင်ငံပထဝီနယ်နိမိတ်အခြေခံသော ဆက်စပ်ဧရိယာတွင်ရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကိုလည်းကောင်း၊ အခြားသော လက်နက်ကိုင်အဖွဲ့များ (တဖက် နိုင်ငံနယ်စပ်အပါအဝင်) ကိုလည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့် လုပ်ငန်းစဉ်များ အသေးစိတ် ညှိနှိုင်း စဉ်းစားရန် လိုအပ်သည်။

ဌ။ မြန်မာနိုင်ငံ ပြည်နယ်/ တိုင်းဒေသကြီးများတွင် တိုင်းရင်းသားလူမျိုးစုများ ရောနှော နေထိုင်ရာ ဒေသနယ်မြေကိုအခြေခံသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် NCA လက်မှတ် ရေးထိုးပြီးသည့်အဖွဲ့နှင့်လည်းကောင်း၊ NCA လက်မှတ်မထိုးရသေးသော အဖွဲ့နှင့်လည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) အဆင့်ဆင့် လုပ်ငန်းစဉ်များကို အသေးစိတ်ညှိနှိုင်းစဉ်းစားရန် လိုအပ်ပါ သည်။

ဍ။ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း (Security Sector Reform) သည် အမျိုးသား လုံခြုံရေး ဆိုင်ရာအခြေခံမူဝါဒများ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဗျူဟာနှင့် ပြည်ထောင်စုတပ်မတော် ဆိုင်ရာအခြေခံမူတို့အပေါ် အခြေခံရမည်။

ပ။ ပြည်ထောင်စုတပ်မတော်၏ ဘတ်ဂျက်၊ လူအင်အား၊ လက်နက်တပ်ဆင်မှုနှင့် အခြားလုံခြုံရေးဌာနများ စုဖွဲ့မှုတို့သည် အမျိုးသားလုံခြုံရေးဆိုင်ရာ အခြေခံမူများနှင့် အမျိုးသားလုံခြုံရေး ဆိုင်ရာမဟာဗျူဟာတို့အပေါ် အခြေခံရမည်။

ဏ။ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း (Security Sector Reform) သည် ရေရှည်တည်တံ့နိုင်မြဲသော ငြိမ်းချမ်းရေးကို အထောက်အကူပြုသဖြင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် Integration လုပ်သင့်သည်။

တ။ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲသည့် DDR/SSR လုပ်ငန်းများ လုပ်ဆောင်ရာတွင် အချိန်ယူ၍ တဖြည်းဖြည်း လုပ်ဆောင်သင့်သည်။ တိုင်းရင်းသားများ၏ Identity ကို အလေးထား ထည့်သွင်းစဉ်းစားသင့်သည်။

ထ။ လုံခြုံရေးကဏ္ဍဆိုင်ရာဆွေးနွေးချက်များ ချောမွေ့စေရန် ဖြစ်နိုင်ချေရှိသော ဆန်းစစ်ချက် (Realistic Assessments)၊ ဘုံနားလည်မှု သဘောတရား (Common Understanding of SSR) နှင့် ဘုံသုံးစကားလုံးများ (Common Terminologies of SSR)

ပေါ်ထွက်လာစေရေး အတွက် ကြိုတင်ပြင်ဆင်မှုများ (pre-negotiation activities) များ ထားရှိရန်လိုအပ်သည်။

ဒ။ Multi-stakeholders များနှင့် ပညာရှင်များပါဝင်သော SSR-DDR Studies Group ထားရှိသင့် သည်။ ထိုလေ့လာမှုများမှတဆင့် နှစ်ဘက်လက်ခံသော SSR-DDR လုပ်ငန်းစဉ်များ ပေါ်ထွက်လာစေရန် အကြံပြုမှုများ လုပ်ဆောင်သင့်သည်။

ဓ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် လုံခြုံရေးကိစ္စများကို ဆွေးနွေးရာတွင် ကျယ်ပြန့်သော နည်းပညာအခြေခံ လုံခြုံရေးဆိုင်ရာ အကြောင်းအရာများထက် လက်နက်ကိုင် ပဋိပက္ခများကိုချုပ်ငြိမ်းရန် အဓိကကျသော အခြေခံမူဆိုင်ရာ အချက်များကို ဆွေးနွေးသင့်သည်။

## ၁၅။ ညီလာခံသို့တင်သွင်းသည့် အဆိုပြုလွှာ (၄) ရပ်

နိုင်ငံရေးဆွေးနွေးပွဲများ၏အချိန်ကာလနှင့် ပတ်သက်၍အဆိုပြုချက် (၁)

*အဆိုပြုသူ - ဦးလှမောင်ရွှေ*

တတိယအကြိမ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ဆုံးဖြတ်ချက် (၂၀၁၅-ကညစ ၃/၄) နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးဆုံးဖြတ်ချက် (၂၀၁၅-ပငက ၃/၂၀) တို့မှ အဆိုပြုထားသည့်အတိုင်း "ပြည်ထောင်စုသဘောတူစာချုပ် ရရှိနိုင်ရေးအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးရမည့် အချိန်ကာလ" ကို (၃) နှစ်မှ (၅) နှစ်အတွင်း ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းကို ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ အဆိုပြုတင်သွင်းအပ်ပါသည်။

ဒုတိယအကြိမ် ညီလာခံကျင်းပရေးဆိုင်ရာ အဆိုပြုချက် (၂)

*အဆိုပြုသူ - ဗိုလ်ချုပ်မြင့်နွယ်*

ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို သင့်တင့်လျောက်ပတ်သော အချိန်ကာလတွင် ဆောလျင်စွာကျင်းပသွားနိုင်ရေးကို ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ အဆိုပြု တင်သွင်းအပ်ပါသည်။

<u>ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ အဆိုပြုချက် (၃)</u>

*အဆိုပြုသူ - ဒေါက်တာလျန်မှုန်းဆာခေါင်း*

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်အရ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် အမျိုးသမီး (၃၀%) ပါဝင်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်ဟု သဘောတူခဲ့သော်လည်း ယခုကျင်းပသော ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးတွင် အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းသည် (၁၀%) မျှပင် မပြည့်ပါ။ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်သင့်သော အမျိုးသမီးများ ပါဝင်လာရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အစုအဖွဲ့အသီးသီးမှ ကြိုးစားသင့်ကြောင်းကို အဆိုပြုအပ်ပါသည်။

<u>မှတ်တမ်းတင်ခြင်းဆိုင်ရာ အဆိုပြုချက် (၄)</u>

*အဆိုပြုသူ - ဦးခက်ထိန်နန်*

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ရရှိနိုင်ရေးအတွက်သော်လည်းကောင်း၊ ၎င်းမှတဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပနိုင်ရေးအတွက်သော်လည်းကောင်း ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် အဖွဲ့အစည်းများ၊ ဝန်းရံပံ့ပိုးသူများကို ဤ ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

## ၁၆။ ညီလာခံတက်ရောက်သူများစာရင်း (အကျဉ်းချုပ်)

ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းသားကိုယ်စားလှယ်များနှင့် ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ အောက်ပါအတိုင်း တက်ရောက်ခဲ့ကြသည်။

| စဉ် | အစုအဖွဲ့ | အရေအတွက် |
|---|---|---|
| ၁။ | အစိုးရ | ၇၀ |
| ၂။ | လွှတ်တော်များ | ၆၈ |

| | | |
|---|---|---|
| ၃။ | တပ်မတော် | ၁၄၃ |
| ၄။ | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ | ၁၃၅ |
| ၅။ | နိုင်ငံရေးပါတီများ | ၁၃၂ |
| ၆။ | တိုင်းသားကိုယ်စားလှယ်များ | ၄၅ |
| ၇။ | ပါဝင်သင့်ပါဝင်ထိုက်သူများ | ၄၅ |
| စုစုပေါင်း | | ၆၃၈ |

**၁၇။ အကြံပြုချက်နှင့် သုံးသပ်ချက်များ**

**၁၈။ နိဂုံး**

*နောက်ဆက်တွဲ - က*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# နှင့်
# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော
# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြား ယခင်က ချုပ်ဆိုခဲ့သော သဘောတူညီချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး ပါဝင်သင့်သူအားလုံးပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့အပေါ်အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဦးတည်သည်။

ဤတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုအခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်

အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန် သန္နိဋ္ဌာန်ပြုကြသည်။

## အခန်း (၁)
## အခြေခံမူများ

၁။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အောက်ပါအခြေခံမူများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

( ခ ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး၊ လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်းပါဝင်သော ပြည်ထောင်စုတပ်မတော်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်။

(ဃ) ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်း မပြုဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်။

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရန်၊ နိုင်ငံရေး နှင့် ဘာသာရေး ရောယှက်ခြင်းမရှိသည့် နိုင်ငံတော်ကိုထူထောင်ရန်။

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်။

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များ နှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ဇ) ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်။

(ဈ) ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန် နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း စသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(ည) ဤသဘောတူစာချုပ်ကြောင့် ဖြစ်ထွန်းလာမည့် တိုးတက်မှုများကို တစ်ဖက်နှင့်တစ်ဖက် အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဋ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေး နှင့် ပြည်သူလူထု၏ ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

## အခန်း(၂)
## ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ

၂။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အောက်ပါတို့ကို ဤသဘောတူစာချုပ်၏ ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များအဖြစ် သဘောတူသည် -

(က) ဤစာချုပ်ကို လက်မှတ်ရေးထိုးသူများအကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှု နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် နှစ်ဖက်သဘောတူထားသည့် နိုင်ငံရေး ဆွေးနွေးရေး မူဘောင်ပေါ်တွင် အခြေခံ၍ ပါဝင်သင့်သူအားလုံးပါဝင်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို စတင်ရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုများ၊ ကျင့်ဝတ်စည်းကမ်းများအား လိုက်နာမှုကိုစောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကို စုံစမ်းစိစစ်ရေးနှင့် ပဋိပက္ခများ ဖြေရှင်းရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ" တစ်ရပ်ကို ဖွဲ့စည်းသွားရန်။

(ဂ) ပြည်ထောင်စုအစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြား ချုပ်ဆိုထားသော သဘောတူညီချက်များ နှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုရန်။

(ဃ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏တော်လှန်ရေးကို အခြေခံသည့် နိုင်ငံရေးဆန္ဒကိုနားလည်ခြင်း နှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့ကို ဦးတည်လျက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ပါဝင်သင့်

ပါဝင် ထိုက်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရန်။

## အခန်း(၃)
## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ

၃။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များကို တိကျသောအချိန်ဇယား သတ်မှတ်အကောင်အထည်ဖော်ဆောင်ခြင်းများ ပြုလုပ်သွားရန် သဘောတူသည်။

၄။ ဤသဘောတူစာချုပ်ပါ စစ်ဘက်ဆိုင်ရာကျင့်ဝတ်နှင့်ပတ်သက်သည့် နှစ်ဖက်အပြန်အလှန် လိုက်နာကြရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် သဘောတူညီထားသည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို အတိအကျလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ စိစစ်ခြင်း ခံယူရန် သဘောတူသည်။

၅။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုလိုက်နာရန် သဘောတူသည် -

(က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့်တစ်ဖက်အကြား နယ်မြေစိုးမိုးမှု တပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်။

(ခ) တစ်ဖက်နှင့်တစ်ဖက် ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့်လုပ်ရပ်များကို မပြုလုပ်ရ။

(ဂ) နေရာချထားရာတွင် လိုအပ်သောအုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ်ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့်ပတ်သက်သည့် လုပ်ဆောင်မှုများမှအပ အပစ်ရပ်နယ်မြေတွင် အင်အားအသစ်ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းအသစ်များထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများမပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက်ဖြစ်စေ၊ ပြည်ပရန်ကာကွယ်ရေးအတွက်ဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်း ဖော်ပြပါစစ်ရေးဆိုင်ရာပြင်ဆင်မှုများကို နှစ်ဖက်ညှိနှိုင်း၍ ပြုလုပ်သွားရန်။

(ဃ) ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရဝဏ်များအတွင်းနှင့် ယဉ်ကျေးမှု ရိုးရာဓလေ့ဆိုင်ရာနေရာ၊ လူထုနှင့်ပတ်သက်သောနေရာများတွင် စစ်ရေးဆိုင်ရာတပ်စခန်းချခြင်း မပြုလုပ်ရန်။

(င) ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နစ်ဖက်တပ်များ ခင်းကျင်းထားသောမိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့် တစ်ဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်။

( စ ) အဖွဲ့အစည်းများအကြား ရန်လိုသောဝါဒဖြန့်ချိမှုများ၊ မဟုတ်မမှန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသောပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း မပြုလုပ်ဘဲ ရှောင်ကြဉ်ရန်။

(ဆ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများတွင် နစ်ဖက်ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာကျန်းမာရေးပစ္စည်းများ အရေးပေါ်ရွှေ့ပြောင်းခြင်းများကို ညှိနှိုင်း လုပ်ဆောင်ရန်။

(ဇ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန် နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် နစ်ဖက်ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်။

(ဈ) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာအုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန်။

(ည) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့်အချိန်မှစ၍ (၂၄)နာရီအတွင်း မိမိကွပ်ကဲမှုအောက်အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါအချက်အလက်များကို (၅) ရက်အတွင်း ရှင်းလင်းအသိပေးရန်။

(ဋ) နစ်ဖက်အောက်ခြေအဆင့်တွင်ဖြစ်ပေါ်သည့် ပဋိပက္ခများအား အင်အားအသုံးပြု၍ ဖြေရှင်းခြင်း မပြုလုပ်ရ။

၆။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏လူသစ်စုဆောင်းခြင်းကိစ္စကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုနှင့် လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

**ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များနေရာချထားခြင်း**

၇။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုကိုရှောင်ရှားနိုင်ရန် မိမိတို့၏လက်နက်ကိုင်တပ်ဖွဲ့များ နေရာပြန်လည်ချထားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) နစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှု နှင့် အခြားဆက်သွယ်မှုနည်းလမ်းများရယူလျက် ချက်ချင်းဆောင်ရွက်ရန်။

(ခ) လက်နက်ကိုင်အဖွဲ့များ နေရာချထားရေးသတ်မှတ်ရာတွင် ထိပ်တိုက်ထိတွေ့ ရင်ဆိုင်မှုမဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) နှစ်ဖက်ညှိနှိုင်းဆဲနှင့် လက်နက်ကိုင်အဖွဲ့များနေရာချထားရန် ခက်ခဲနေဆဲဒေသများတွင် နှစ်ဖက်တပ်မှူးများ ပုံမှန်အဆက်အသွယ်ပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဃ) တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား သတ်မှတ်နေရာများတွင်သာ ထားရှိရန်။

(င) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် တပ်စခန်းများ၏အရေအတွက်ကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) သက်ဆိုင်ရာတပ်စခန်းနှင့် နယ်မြေတစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရေးအတွက် တစ်ဖက်နှင့်တစ်ဖက် ဤသဘောတူစာချုပ်ကို အခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန်။

## တပ်ဖွဲ့ဝင်များလွတ်လပ်စွာသွားလာခွင့်

၈။ တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လွတ်လပ်စွာသွားလာခွင့်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) လုံခြုံရေးအရ ကန့်သတ်ထားသောနေရာများမှအပ မည်သည့်နေရာကိုမဆို လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ လွတ်လပ်စွာသွားလာခွင့်ပြုရန်။

(ခ) တစ်ဖက်အဖွဲ့အစည်းကထိန်းချုပ်ထားသောနယ်မြေအတွင်း လက်နက်ဖြင့်သွားလာ ရန်လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် သွားလာရန်။

## အရပ်သားများကို အကာအကွယ်ပေးခြင်း

၉။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် သဘောတူသည် -

(က) ပြည်သူလူထု၏စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သောပံ့ပိုးကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။

(ခ) ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်း နှင့် ဖျောက်ဖျက်ခြင်း မပြုလုပ်ရ။

(ဂ) ဒေသခံပြည်သူများကို အဓမ္မ နေရပ်စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်းစေခြင်း မပြုလုပ်ရ။

(ဃ) ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားရေရိက္ခာ၊ လုပ်အားနှင့် ဝန်ဆောင်မှုများကို အဓမ္မတောင်းခံရယူခြင်း မပြုလုပ်ရ။

(င) ပြည်သူလူထုအား အကြောင်းမဲ့ဖြစ်စေ၊ အမှုဆင်ပြီးဖြစ်စေ ဖမ်းဆီးအရေးယူခြင်း၊ အပြစ်ပေးခြင်း လုံးဝမပြုရန်နှင့် ဥပဒေနှင့်အညီဆောင်ရွက်ရန်။

(စ) ဒေသခံများ၏မြေယာများကို အဓမ္မသိမ်းပိုက်ခြင်းနှင့်လွှဲပြောင်းခြင်းများ မပြုလုပ်ရ။

(ဆ) အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်း မပြုလုပ်ရ။

(ဇ) ဥပဒေနှင့်အညီ ပညာသင်ကြားရေးဆိုင်ရာအခွင့်အရေးများကို နှောင့်ယှက်ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာပစ္စည်းများနှင့်အတူ စာသင်ကျောင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဈ) လူတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို ထိခိုက်စေခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဥပဒေအရ ခွင့်ပြုထားသည့် အများပြည်သူများအတွက် ဆေးဝါးများသယ်ယူပို့ဆောင်ခြင်းအား တားမြစ်ခြင်း မပြုလုပ်ရ။

(ည) ပြည်သူလူထု၏ စားနပ်ရိက္ခာစုဆောင်းခြင်း၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများကို တစ်ပိုင်တစ်နိုင်သယ်ယူပို့ဆောင်ရောင်းချခြင်း၊ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဋ) စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေးအဆောက်အအုံ ပရဝဏ်များအား အကြောင်းမဲ့ဖျက်ဆီးခြင်း၊ ပျက်စီးမှုဆိုးကျိုးများ ဖြစ်ပေါ်စေခြင်းနှင့် စစ်ဘက်ဆိုင်ရာတပ်စခန်းချထားခြင်း မပြုလုပ်ရ။

(ဌ) ပြည်သူလူထု၏ ဘာသာရေး၊ စာပေယဉ်ကျေးမှု နှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရ။

(ဍ) အမျိုးသမီးများအား ဗလက္ကာယပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မသားမယားပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာကျွန်ပြုခြင်း မပြုလုပ်ရ။

(ပ) ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါဖြတ်တောက်ခြင်း၊ ကလေးစစ်သားအဖြစ်စုဆောင်း/စစ်မှုထမ်းစေခြင်း၊ အဓမ္မပြုခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မပြုလုပ်ရ။

(ဏ) ပြည်သူလူထုကို ကျွန်ပြုခြင်း၊ အဓမ္မခိုင်းစေခြင်း မပြုလုပ်ရ။

(တ) အပစ်ရပ်နယ်မြေအတွင်းရှိ ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်။

(ထ) အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကျမှုမရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာသွားလာခွင့်ပြုရန်။

**လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ**

၁၀။ ပြည်ထောင်စုအစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများ အတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့်စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) အား ၎င်းတို့၏ဆန္ဒအတိုင်း မူလ ဒေသများသို့ပြန်လည်နေထိုင်ခြင်းကို ဦးစားပေးဆောင်ရွက်ရန်သော်လည်းကောင်း၊ သင့်လျော်ရာနေရာတွင် ရွာသစ်တည်ထောင်ပေးစေလိုလျှင်သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးရမည်။

(ဂ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပြည်တွင်းသို့ပြန်လည်ဝင် ရောက်လာသည့်ဒုက္ခသည်များအားစိစစ်၍ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ် များကို ပူးတွဲညှိနှိုင်းဆောင်ရွက်ရန်။

## အခန်း (၄)
## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်း

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ**

၁၁။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန် အလှန် လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဤစာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ လက်မှတ်ရေးထိုးပြီး (၁) လ အတွင်း အပြီးရေးဆွဲပြဋ္ဌာန်းရန် သဘောတူသည်။

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

၁၂။ ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်

ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးက အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(က) ဤသဘောတူစာချုပ်အားလိုက်နာရေးအတွက်ညှိနှိုင်းဆောင်ရွက်ပေးရန် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ" ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရန်သဘောတူသည်။

(ခ) ကော်မတီကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ဒေသဆိုင်ရာအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများနှင့် စိစစ်အတည်ပြုရေးအဖွဲ့များ စသည်ဖြင့် အဆင့်ဆင့် ဖွဲ့စည်းသွားမည်။

(ဂ) လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်း၊ နည်းပညာအထောက်အကူပြုအဖြစ်လည်းကောင်း သင့်လျော်သလိုပါဝင်ရန် နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်မည်။

၁၃။ ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဖွဲ့စည်းပုံအသေးစိတ်ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ရေးဆွဲပြဋ္ဌာန်းအတည်ပြုရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု နှင့် စောင့်ကြည့်မှုလုပ်ငန်းစဉ်များကို တာဝန်ခံဆောင်ရွက်ရန်နှင့် လိုအပ်ပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရန်။

(ဂ) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအား လူသားချင်းစာနာသည့် အခြေခံအထောက်အပံ့များပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) နှစ်ဖက်သဘောတူထားသည့် တပ်နေရာပြန်လည်ချထားရေးအစီအစဉ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရန်။

(င) တစ်နိုင်ငံလုံးအတိုင်းအတာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ဤသဘောတူစာချုပ်၏တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်

တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတို့အား ထိန်းသိမ်းလိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသောအငြင်းပွားမှုများအားဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

၁၄။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဖွဲ့ဝင်အားလုံး၏သဘောတူညီချက်ကို အဖြစ်နိုင်ဆုံးကြိုးစား၍ ရယူသွားရမည်။

၁၅။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကိုဖြေရှင်းရမည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ (နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးကိစ္စများမှအပ) တောင်းခံလာပါက ဤသဘောတူစာချုပ်တွင်ချမှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးရန်သဘောတူညီသည်။

**ဆက်ဆံရေးရုံးများဖွင့်လှစ်ခြင်း**

၁၆။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောနေရာများတွင် နှစ်ဖက်ညှိနှိုင်း၍လည်းကောင်း၊ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးသဘောတူညီချက်တွင် သတ်မှတ်ထားသည့်ဒေသများတွင်လည်းကောင်း ဆက်ဆံရေးရုံးများဖွင့်လှစ်သွားရန် သဘောတူသည်။

၁၇။ ဆက်ဆံရေးရုံးများတွင်ထားရှိမည့် ဆက်ဆံရေးအရာရှိများသည် အခက်အခဲနှင့် ပြဿနာရပ်များအား လျင်မြန်စွာဆက်သွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

၁၈။ ဆက်ဆံရေးရုံးတွင်တာဝန်ထမ်းဆောင်နေကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လိုအပ်သည့်အကာအကွယ်ပေးရန် သဘောတူသည်။

## အခန်း(၅)
## နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ

၁၉။ ဤသဘောတူစာချုပ်လက်မှတ်ရေးထိုးသူများသည် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးစတင်ရန် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နောက် စာချုပ်ပါအခြေခံမှုများ၊ အချက်အလက်များနှင့် ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်။

**နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း**

၂၀။ ပြည်ထောင်စုအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း။

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်" (The Framework for Political Dialogue) ကို ရေးဆွဲသဘောတူညီမှုရယူခြင်း။

(ဂ) ထိုမူဘောင်ကိုအခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်း ဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း။

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်း။

(င) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း။

(စ) ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူခြင်း။

(ဆ) "ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း**

၂၁။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများစတင်ကျင်းပနိုင်ရေးနှင့် စာချုပ်ပါသဘောတူညီချက်များအား ပူးတွဲဦးဆောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးပြီးချင်း အောက်ပါတို့ကို ဆောင်ရွက်မည် -

(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်း။

(၂) ထိုအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီနှင့် အခြားလိုအပ်သောကော်မတီများကိုဖွဲ့စည်းခြင်း။ (ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ရေးဆွဲရန်ကိုလည်း တာဝန်ရှိသည်။)

(ခ) ပါဝင်လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များ၊ ဆွေးနွေးရမည့်အကြောင်းအရာများ၊ ဆွေးနွေးမည့်ပုံစံများနှင့်စပ်လျဉ်း၍ အသေးစိတ် ဖော်ညွှန်းထားသည့် ဆွေးနွေးပွဲမူဘောင်တစ်ရပ်ကို ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ ရက်ပေါင်း (၆၀) အတွင်း ပါဝင်သင့်ပါဝင်ထိုက်သူများနှင့်အတူတကွ ပူးတွဲရေးသားဖော်ဆောင်ရန်။

(ဂ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများကို ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးရက်ပေါင်း (၉၀) အတွင်း စတင်လုပ်ဆောင်ရန်။

(ဃ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေမည့်ကိစ္စရပ်များကို ရှောင်ရှား၍ ဤစာချုပ်ပါအခြေခံမူတွင် သဘောတူညီထားသည့်အချက်များအပါအဝင် အခြားဆွေးနွေးရမည့်ခေါင်းစဉ်အသေးစိတ်ကို နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တွင် ထည့်သွင်းဆွေးနွေး၍အတည်ပြုရန်။

(င) သဘောတူညီမှုချမှတ်ရာ၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သောအဖွဲ့အစည်းများမှ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရေးကိုဦးတည်လျက် ပါဝင်ပတ်သက်နေကြသောအဖွဲ့အစည်းများအကြား အပြုသဘောဆောင်၍ ညှိနှိုင်းအဖြေရှာရန် သဘောတူကြသည်။

## အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်း

၂၂။ (က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အားလုံးပါဝင်ရေးမူကို အခြေခံ၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့၏ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သောကိုယ်စားလှယ်များ ပါဝင်ကြရမည်။

(ခ) တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပညာရှင်အစုတို့၏ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သောကိုယ်စားလှယ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် သင့်တော်သလိုပါဝင်စေရေးကို နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တွင် ဆွေးနွေးသတ်မှတ်ရမည်။

(ဂ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်မည့် ကိုယ်စားလှယ်အချိုးအစားကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင်ဆွေးနွေးရာတွင် ညှိနှိုင်းဆွေးနွေးမည်။

(ဃ) ပြည်ထောင်စုညီလာခံမှထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုလုပ်ရန် သဘောတူညီသည်။

၂၃။ နိုင်ငံရေးဆွေးနွေးပွဲများတွင် သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူညီသည်။

## အခန်း(၆)

## ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

### ယုံကြည်မှုတည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရမည့်အချက်များ

၂၄။ (က) အစိုးရသည် မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းကိုမျှ ဥပဒေကို ချိုးဖောက်ခြင်းမှအပ ဤပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ဖမ်းဆီး အရေးယူမှုများ မပြုလုပ်ရန် သဘောတူညီသည်။

(ခ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးကို မတရားအသင်းအဖြစ် ကြေညာထားခြင်းမှ ပယ်ဖျက် ရေး ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများနှင့်ပတ်သက်မှုရှိသည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းကိုမျှ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရသော်လည်း ကောင်း၊ မတရားအသင်းအက်ဥပဒေအရသော်လည်းကောင်း အရေးယူဆောင် ရွက်ခြင်း မပြုလုပ်ရန် သဘောတူသည်။

(ဂ) နိုင်ငံတော်အနေဖြင့် ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့် အချိန် တွင် ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်သည် ဟူသော စွပ်စွဲချက်ဖြင့် မတရားအသင်းအက်ဥပဒေအရ အမှုစွဲဆိုခြင်းခံထားရသူ များနှင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူသည်။

### ကြားကာလအတွင်းဆောင်ရွက်ရမည့်အစီအစဉ်များ

၂၅။ (က) ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုး တိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်း အတာအရ တာဝန်ယူနေကြသောအဖွဲ့အစည်းများဖြစ်ကြသည့်အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပ အကောင် အထည်ဖော်နေသည့်ကာလအတွင်း ၎င်းနယ်မြေများတွင် နှစ်ဖက်ညှိနှိုင်းပြီး အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သွားရန် သဘောတူသည် -

(၁) ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊

(၃) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှု ထိန်းသိမ်း မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ၊

(၄) ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊

(၅) ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၆) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ၊

(ခ) အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ကြီးမားသောစီမံကိန်းများကို လုပ်ဆောင်ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (Extractive Industries Transparency Initiative - EITI) ၏လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဂ) သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းစီ သီးခြားဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်ကို အစိုးရနှင့်သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

**ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန်တင်သွင်းခြင်း**

၂၆။ ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်။

## အခန်း(၇)
## အထွေထွေ

၂၇။ ဤစာချုပ်က လွှမ်းခြုံခြင်းမရှိသောကိစ္စရပ်များရှိလာပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအနေဖြင့် အစိုးရနှင့်သီးခြားစီဆွေးနွေး၍ စာချုပ်၏မူများနှင့်ဆန့်ကျင်ကွဲလွဲခြင်း မရှိ စေဘဲ ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှုရယူနိုင်သည်။

၂၈။ ဤသဘောတူစာချုပ်ကို မြန်မာဘာသာဖြင့်ရေးသားပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။ မြန်မာဘာသာနှင့် အင်္ဂလိပ်သာသာတို့ တရားဝင်အတည်ဖြစ်မှုသည် တူညီသော်လည်း စကားရပ် အရ အငြင်းပွားမှုများပေါ်ပေါက်လာပါက မြန်မာဘာသာဖြင့် ရေးသားထားသည့်စကားရပ်များ အတိုင်းသာ အတည်ဖြစ်ကြောင်း သဘောတူသည်။

၂၉။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးရာတွင်ပါဝင်သော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှပူးတွဲ၍ တာဝန်ယူဆောင်ရွက်သွားရန် သဘောတူသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာသည့်အခက်အခဲများ

ကို ဖြေရှင်းနိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော "**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး**"ကို ပုံမှန်ကျင်းပ၍ ဖြေရှင်းသွားရန် သဘောတူသည်။

၃၀။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူညီခဲ့ကြသော အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်များအနက် ကိုးကားရမည့် ဆုံးဖြတ်ချက်များသည် ဤသဘောတူစာချုပ်အကောင်အထည်ဖော်ရာတွင် အကျုံးဝင်ပြီး နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလို ဆောင်ရွက်ရန်သဘောတူသည်။

**ညှိနှိုင်းဖြေရှင်းခြင်း**

၃၁။ (က) ဤသဘောတူစာချုပ်ပါလိုက်နာရမည့်တာဝန်များ၊ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ မပြေလည်မှုပေါ်ပေါက်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းသည့်နည်းလမ်းကိုအခြေခံ၍ ဖြေရှင်းရမည်။
(ခ) အပိုဒ်ခွဲ(က)အရဖြေရှင်းရာတွင် ပြေလည်မှုမရရှိပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တင်ပြပြီး ညှိနှိုင်းဖြေရှင်းသွားမည်။

**သဘောတူစာချုပ်အကျိုးသက်ရောက်ခြင်း**

၃၂။ ဤသဘောတူစာချုပ်သည် နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီးသည့်နေ့ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိကြောင်း သဘောတူသည်။ ဤသဘောတူစာချုပ် အကောင်အထည်ဖော်မှုအပေါ် ဆန်းစစ်ရန်လိုအပ်ပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

**သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း**

၃၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် နှစ်ဦးနှစ်ဖက်မှ လက်မှတ်ရေးထိုးကြပါသည်။

*နောက်ဆက်တွဲ - ခ*

## နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်
## (The Framework for Political Dialogue)

**နိဒါန်း**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်မှလည်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ကန့်ကွက်သူမရှိ အတည်ပြုထားသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ပါ သဘောတူညီချက်များနှင့်အညီ ဤ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee - UPDJC) က ဆွေးနွေးညှိနှိုင်းပြီး ရေးဆွဲခဲ့ကြပါသည်။

ဤ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား အာမခံချက် အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ရန်ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

## အခန်း (၁)
## ရည်ရွယ်ချက်

၁။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၏ ရည်ရွယ်ချက်များမှာ -

(က) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်အလို့ငှာ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်၊

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာသွားရန်၊

(ဂ) ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားပေါင်းစုံ သဟဇာတရှိရှိ တန်းတူညီမျှယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် ဆွေးနွေးအဖြေရှာသွားရန်၊

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများအား လိုအပ်သလို

ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန်၊

(င) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ အာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအား နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်၊

(စ) လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကိုအခြေခံသည့် ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရန်၊

## အခန်း (၂)
## အခြေခံမူများ

၂။ ဤမူဘောင်ကိုအခြေခံ၍ ကျင်းပရမည့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်၏ အခြေခံမူများမှာ -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေးများ အာမခံချက်များ အပြည့်အဝ ရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်၊

(ခ ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေး ဆွေးနွေးညှိနှိုင်းအဖြေရှာရန်နှင့် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး၊ လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်ကာ ရေရှည်တည်တံ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို တည်ဆောက်သွားရန်၊

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ပြည်ထောင်စုတပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်၊

(ဃ) ဤပြည်ထောင်စုအတွင်းနေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်၊

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိသည့် နိုင်ငံတော်ကိုထူထောင်ရန်၊

(စ) ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာ တစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်၊

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်၊

(ဇ) ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန်၊

(ဈ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု တစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထု၏ ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ည) နိုင်ငံရေးဆွေးနွေးပွဲများတွင် အမျိုးသမီးကိုယ်စားလှယ် (၃၀) ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဋ) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေမည့် အကြောင်းအရာများ၊ ရရှိလာသည့် အပြန်အလှန်လေးစားအသိအမှတ်ပြုမှုနှင့် ယုံကြည်မှုများကို ယုတ်လျော့စေမည့် အပြုအမူများ၊ အရေးအသားများ၊ အပြောအဆိုများ မပြုလုပ်ရန်၊

## အခန်း (၃)
## နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်များ

၃။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် သဘောတူညီထားသည့်အတိုင်း နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်မည် -

(က) နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) ကို ရေးဆွဲသဘောတူညီမှုရယူခြင်း၊

(ခ) အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပခြင်း၊

(ဂ) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူခြင်း၊

(င) ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord) ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်း၊

## အခန်း (၄)
## အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပခြင်း

၄။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အပိုဒ် ၂၀ အပိုဒ်ခွဲ (ဂ) နှင့် (ဃ) တို့အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတို့ကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ဦးဆောင်တာဝန်ယူ၍ အောက်ပါအတိုင်း ကျင်းပရမည် -

**၄.၁။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ**

၄.၁.၁။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လုပ်ငန်းကော်မတီများမှ ဦးဆောင်လမ်းညွှန်၍ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အစုအဖွဲ့ တစ်ဖွဲ့ချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကျင်းပနိုင်သည်။

၄.၁.၂။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ လွှတ်တော်များမှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်ရင်းသား လူမျိုးကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အခြား ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်သည်။

၄.၁.၃။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် ကဏ္ဍကြီး (၆) ခုမှ တိုင်းရင်းသားလူမျိုးများနှင့်ဆိုင်သော ကိစ္စရပ်များ၊ ဒေသတစ်ခုချင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ နိုင်ငံသားအများစုနှင့်ဆိုင်သော ကိစ္စရပ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင်လည်းကောင်း၊ တစ်နိုင်ငံလုံးအဆင့်တွင် လည်းကောင်း ကျင်းပသွားနိုင်သည်။

၄.၁.၄။ ထိုဆွေးနွေးပွဲများမှချမှတ်သော အဆိုပြုချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှတဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ဆွေးနွေးဆုံးဖြတ်မှုများပြုလုပ်နိုင်ရန် တင်ပြသွားရမည်။

**၄.၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် ဤနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင်ပါဝင်သည့် ရည်ရွယ်ချက်နှင့် အခြေခံမူများကိုအခြေခံ၍ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို အောက်ပါအတိုင်း ကျင်းပရမည် -

၄.၂.၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို အစိုးရအဖွဲ့ ကိုယ်စားလှယ် (၇၅) ဦး၊ လွှတ်တော်ကိုယ်စားလှယ် (၇၅) ဦး၊ တပ်မတော် ကိုယ်စားလှယ် (၁၅၀) ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ် (၁၅၀) ဦး၊ တရားဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် (၁၅၀) ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် (၅၀)

ဦးနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူ (၅၀) ဦး၊ စုစုပေါင်း ကိုယ်စားလှယ် (၇၀၀) ဦး ဖြင့် ကျင်းပရမည်။

၄.၂.၂။ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ရာတွင် အမျိုးသမီးကိုယ်စားလှယ် (၃၀) ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

၄.၂.၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (××) ရက်တွင် စတင်ကျင်းပရမည်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို (၄) လ တစ်ကြိမ် ကျင်းပမည်။ ညီလာခံ၏ သဘောတူညီချက်ဖြင့် ကျင်းပမည့်နေ့ရက်များကို လိုအပ်သလို ပြင်ဆင်သတ်မှတ် နိုင်သည်။

၄.၂.၄။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ၏ သဘာပတိအဖွဲ့ဝင်များကို အစုအဖွဲ့ တစ်ဖွဲ့စီမှ (၉) ဦးစီဖြင့် ရွေးချယ်ဖွဲ့စည်း၍ ညီလာခံတွင် အလှည့်ကျ ပူးတွဲ တာဝန်ယူရန် အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ ကိုယ်စားလှယ် (၃) ဦးစီ တာဝန် ပေးအပ်ရမည်။

၄.၂.၅။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသည် သက်ဆိုင်ရာ လုပ်ငန်း ကော်မတီများက တင်ပြလာသော အဆိုပြုချက်နှင့် အကြံပြုချက်များအတွက် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်သွားရမည်။ လိုအပ်ပါက အကြံပြုချက်များအား ပြန်လည်ဆွေးနွေးရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီသို့ ပေးပို့နိုင်သည်။

၄.၂.၆။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်း မရှိသည့် အကြောင်းအရာများရှိပါက ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၏ အဖွဲ့ဝင်များနှင့် သီးခြား အစည်းအဝေးထိုင်၍ ညှိနှိုင်းဖြေရှင်းပေးရမည် (သို့မဟုတ်) ဖြေရှင်းနိုင်ရန် အကြံပြု ပေးရမည်။

၄.၂.၇။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ကိုယ်စားလှယ်များလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ အစည်းအဝေးကျင်းပမည့်ပုံစံနှင့် လုပ်ငန်းများ လုပ်ဆောင်ရမည့် နည်းလမ်းများကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က ရေးဆွဲတင်ပြပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံက အတည်ပြုပေးရမည်။

၄.၂.၈။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသည် ညီလာခံသို့ တက်ရောက်ခွင့် ရှိသည့် အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ အနည်းဆုံးကိုယ်စားလှယ်ဦးရေ ၆၀ ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၄.၂.၉။ အစုအဖွဲ့အသီးသီးတွင် ကိုယ်စားလှယ်များ အစားထိုးရန် လိုအပ်ပါက သက်ဆိုင်ရာအစုအဖွဲ့က ရွေးချယ်တင်ပြလာသော ကိုယ်စားလှယ်အား UPDJC မှ လက်ခံအတည်ပြုပေးရမည်။

၄.၂.၁၀။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် တက်ရောက်မည့် တိုင်းရင်းသား ကိုယ်စားလှယ် (၅၀) ဦး နှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူ (၅၀) ဦးတို့ကို အစိုးရ၊

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှ အချိုးတူရွေးချယ်ရမည်။ ယင်းကိုယ်စားလှယ်များ အစားထိုးရန် လိုအပ်လာပါက သက်ဆိုင်ရာအစုအဖွဲ့မှတင်ပြလာသော ကိုယ်စားလှယ်အသစ်အား ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ လက်ခံအတည်ပြုပေးရမည်။

## အခန်း (၅)
## နိုင်ငံရေးဆွေးနွေးပွဲများတွင်ဆွေးနွေးမည့် အကြောင်းအရာများ

၅။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် အောက်ဖော်ပြပါ ဆွေးနွေးမည့်အကြောင်းအရာ အသေးစိတ်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပါဝင်သောမူများပေါ်တွင် အခြေခံ၍ ဆောင်ရွက်သွားရမည် -

နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့်အကြောင်းအရာများမှာ -

**(က) နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊

(၂) တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကိစ္စရပ်များ၊

(၃) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုရှိစေခြင်းနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊

(၄) ပြည်ထောင်စု အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊

(၅) ရွေးကောက်ပွဲဝင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊

(၆) တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

**(ခ) လူမှုရေး**

(၁) တိုင်းရင်းသားလူမျိုးများ၏ သမိုင်းဖော်ထုတ်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊

(၂) ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ၊

(၃) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(၄) လူ့အခွင့်အရေး၊ ကျား-မ တန်းတူညီမျှရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များ၊

(၅) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ကာကွယ်တားဆီးရေးနှင့် ပညာပေးရေးဆိုင်ရာ ကိစ္စရပ်များ၊

**(ဂ) စီးပွားရေး**

(၁) အမျိုးသားစီးပွားရေးမူဝါဒဆိုင်ရာ ကိစ္စရပ်များ၊

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊

(၃) အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း၊

(၄) ဒေသဥ္စရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊

(၅) ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒ ကိစ္စရပ်များ၊

**(ဃ) လုံခြုံရေး**

(၁) နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊

(၂) လုံခြုံရေးဆိုင်ရာ ပေါင်းစည်းရေးကိစ္စရပ်များ၊

**(င) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

(၁) မြေယာနှင့် သဘာဝသယံဇာတစီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊

**(စ) အထွေထွေ**

## အခန်း (၆)
## နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူဆုံးဖြတ်ချက်ချမှတ်ခြင်း

၆။ နိုင်ငံရေးဆွေးနွေးပွဲများ၌ ဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည်ညှိနှိုင်းဖြေရှင်းပြီး သဘောတူဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အခြေခံမူ အပိုဒ် ၁ အပိုဒ်ခွဲ (ဇ) နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်သွားမည် -

၆.၁။ ဆွေးနွေးညှိနှိုင်းရမည့် ကိစ္စရပ်များအားလုံးကို လုပ်ငန်းကော်မတီအဆင့်တွင် အကျေအလည် ဆွေးနွေးအဖြေရှာရန်။

၆.၂။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြလာသော ကိစ္စရပ်များအနက် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကိစ္စရပ်များအပါအဝင် အရေးကြီးသောကိစ္စရပ်များကို ညီလာခံတက်ရောက်သူ အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ အနည်းဆုံး (၇၅) ရာခိုင်နှုန်း အထက် ထောက်ခံမဲ

ရရှိ၍ တက်ရောက်သူ စုစုပေါင်း၏ အနည်းဆုံး (၇၅) ရာခိုင်နှုန်းအထက် ထောက်ခံမဲဖြင့် ဆုံးဖြတ်နိုင်သည်။

၆.၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြလာသော ကိစ္စရပ်များအနက် အပိုဒ်ခွဲ ၆.၂ ပါ ကိစ္စရပ်များမှအပ အခြားကိစ္စရပ်များကို ညီလာခံတက်ရောက်သူ အစုအဖွဲ့တစ်ဖွဲ့ချင်းစီမှ အနည်းဆုံး (၅၀) ရာခိုင်နှုန်း အထက် ထောက်ခံမဲရရှိ၍ တက်ရောက်သူစုစုပေါင်း၏ အနည်းဆုံး (၆၅) ရာခိုင်နှုန်း အထက် ထောက်ခံမဲဖြင့် ဆုံးဖြတ်နိုင်သည်။

## အခန်း (၇)
## နိုင်ငံရေးဆွေးနွေးပွဲများကို စီမံခန့်ခွဲခြင်း

**၇။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို နိုင်ငံရေး ဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပသွားနိုင်ရေးအတွက်ရည်ရွယ်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ဖွဲ့စည်းသည်။

၇.၁။ ဖွဲ့စည်းမှု

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရားဝင် နိုင်ငံရေးပါတီတို့မှ ကိုယ်စားလှယ်များ အချိုးတူပါဝင်ဖွဲ့စည်းသည်။

၇.၂။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇.၂.၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေး ဆွေးနွေးပွဲအဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရမည်။

၇.၂.၂။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေး ဆွေးနွေးပွဲများကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀) အတွင်း စတင်ကျင်းပရန် တာဝန်ရှိသည်။

၇.၂.၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေး ဆွေးနွေးပွဲများမှထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များကို ပြည်ထောင်စု လွှတ်တော်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီတင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေး အတွက် ဆောင်ရွက်မည်။

၇.၂.၄။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေး ဆွေးနွေးပွဲများအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီများ၊

ဆပ်ကော်မတီများနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို ချမှတ်မည်။

## ၈။ အတွင်းရေးမှူးအဖွဲ့

အတွင်းရေးမှူးအဖွဲ့ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများမှ (၁၅) ဦးထက်မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။ အတွင်းရေးမှူးအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများအား ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးမည်။

## ၉။ ရုံးအဖွဲ့

အတွင်းရေးမှူးအဖွဲ့သည် ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အခြားလိုအပ်သည့်ဝန်ထမ်းများပါဝင်သည့် ရုံးအဖွဲ့အား ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းသွားမည်။ ရုံးအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများအား အတွင်းရေးမှူးအဖွဲ့မှ ရေးဆွဲ၍ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ အတည်ပြုချက်ကိုရယူရမည်။

## ၁၀။ ဆွေးနွေးမည့်အကြောင်းအရာများကိုအခြေခံ၍ ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများ

၁၀.၁။ လုပ်ငန်းကော်မတီများကို ညီလာခံတက်ရောက်ခွင့်ရှိသည့် အစုအဖွဲ့များမှ ကိုယ်စားလှယ်များ အချိုးညီပါဝင်စေ၍ ဖွဲ့စည်းရမည်။

၁၀.၂။ လုပ်ငန်းကော်မတီများတွင် အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

၁၀.၃။ လုပ်ငန်းကော်မတီများသည် မိမိတို့အား တာဝန်ပေးအပ်ထားသည့် အကြောင်းအရာကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုချက်နှင့်အဆိုပြုချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ ဆွေးနွေးဆုံးဖြတ်မှုများပြုလုပ်နိုင်ရန် တင်ပြရမည်။

၁၀.၄။ လုပ်ငန်းကော်မတီများသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှ တင်ပြလာသည့် အကြံပြုချက်နှင့် အဆိုပြုချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ဆွေးနွေးဆုံးဖြတ်မှုများပြုလုပ်နိုင်ရန် မူဝါဒအဆိုပြုလွှာများရေးဆွဲပြီး အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။

၁၀.၅။ လုပ်ငန်းကော်မတီများ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား လိုအပ်လျှင် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

၁၀.၆။ လုပ်ငန်းကော်မတီတစ်ခုအတွင်း (သို့မဟုတ်) ကော်မတီများအကြား မဖြေရှင်းနိုင်သည့် သဘောထားကွဲလွဲမှုများရှိလာပါက ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

## ၁၁။ အစုအဖွဲ့များ၏ နည်းပညာအထောက်အကူပြုအဖွဲ့များ

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် တက်ရောက်သည့်အစုအဖွဲ့များသည် နည်းပညာအထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ယင်းနည်းပညာ အထောက်အကူပြုအဖွဲ့များကို အသိအမှတ်ပြုပေးနိုင်ရန် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သို့ တင်ပြရမည်။

၁၂။ **လေ့လာသူများ**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ တက်ရောက်ရန် ပြင်ပမှလေ့လာသူများကို ဖိတ်ကြားနိုင်သည်။ လေ့လာသူများသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC) မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

## အခန်း (၈)
## ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုအတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များ

၁၂။ **ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် အလို့ငှာ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်၏ ဆွေးနွေးမှုရလဒ်များကို အခြေခံ၍ ပြည်ထောင်စု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြရမည်။

၁၂.၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ တစ်ကြိမ်ကျင်းပပြီးသည့်အခါတိုင်း ရရှိလာသည့်သဘောတူညီချက်များကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ချုပ်ဆိုရမည်။

၁၂.၂။ ထိုသို့ချုပ်ဆိုထားသည့် ပြည်ထောင်စုသဘောတူစာချုပ်ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ပါဝင်ဆွေးနွေးကြသည့် သက်ဆိုင်ရာအစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက ပါဝင်လက်မှတ်ရေးထိုးကြရမည်။

၁၂.၃။ ဆွေးနွေးရမည့်အကြောင်းအရာများအားလုံးကို ဆွေးနွေးပြီးသောအခါ အဆင့်ဆင့် ရရှိထားသည့် သဘောတူညီချက်များအားလုံးကိုစုစည်း၍ ပြည်ထောင်စု သဘောတူစာချုပ် အဖြစ် သက်ဆိုင်ရာအစုအဖွဲ့အသီးသီး၏ခေါင်းဆောင်များနှင့် အသိသက်သေများက ပါဝင် လက်မှတ်ရေးထိုးကြရမည်။

၁၃။ **အတည်ပြုခြင်း**

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်ထောင်စု သဘောတူစာချုပ်တစ်ရပ်လုံးကိုလည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စု လွှတ်တော်သို့ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီတင်သွင်း၍ အတည်ပြုချက်ရယူရမည်။

၁၄။ **အကောင်အထည်ဖော်ခြင်း**

၁၄.၁။ ပြည်ထောင်စုသဘောတူစာချုပ်တွင်ပါရှိသော သဘောတူညီချက်များနှင့် လိုက်လျောညီထွေမှုရှိစေရန် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း/ ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်၊ တပ်မတော်နှင့် အစိုးရဝန်ကြီးဌာနများမှ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်။

၁၄.၂။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရမည်။

၁၄.၃။ ပြည်ထောင်စုသဘောတူစာချုပ်ပါ အချက်အလက်များကို အစိုးရတစ်ရပ်၏ သက်တမ်းအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်နိုင်ခြင်း မရှိပါက နောင်ဆက်ခံသော အစိုးရအဆက်ဆက်က ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အခန်း (၉)
## အထွေထွေ

၁၅။ **ပွင့်လင်းမြင်သာမှုရှိခြင်း**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ ထွက်ပေါ်လာသည့်ရလဒ်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ရမည်။

၁၆။ **နိုင်ငံရေးဆွေးနွေးပွဲများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ**

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ လုပ်ငန်းကော်မတီများနှင့် ၎င်းကော်မတီများမှကြီးမှူးကျင်းပသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရမှ ကျခံပေးရမည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပမှ နောင်ကြိုးမပါသည့် ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာအကူအညီများ ရယူနိုင်သည်။ ပြည်ထောင်စုအစိုးရမှ ချမှတ်ပေးသည့် ဘဏ္ဍာငွေနှင့် နိုင်ငံတကာမှပေးအပ်သည့် အကူအညီများအား ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် သုံးစွဲသွားရမည်။

၁၇။ **နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အားပြင်ဆင်ခြင်း**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင်ပါရှိသည့် အချက်အလက်များအနက် ပြင်ဆင်ရန်လိုအပ်သောအချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တွင် ဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက် အတည်ပြုနိုင်သည်။ ထိုပြင်ဆင်ဖြည့်စွက်ချက်များသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါရှိသည့် သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေရ။

*********************************************************************

*နောက်ဆက်တွဲ - ဂ*

## ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် အစည်းအဝေးတိုင်းသို့ အချိန်မီလာရောက်ပြီး အစည်းအဝေးပြီးဆုံးသည်အထိ တက်ရောက်ရမည်။

၂။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် အစည်းအဝေးခန်းမ အတွင်းသို့ရောက်သည်နှင့် မိမိတို့၏လက်ကိုင်ဖုန်းများကို ပိတ်ထားရမည် (သို့မဟုတ်) အသံတိတ်အနေအထားတွင် ထားရမည်။

၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တန်းတူဆက်ဆံရမည်။

၄။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် တစ်ဦး၏ သဘောထားကို တစ်ဦးမှလေးစားရမည်၊ ကိုယ်စားလှယ်တစ်ဦးဦးမှ တင်ပြဆွေးနွေးနေချိန်တွင် ကြားဖြတ် ဆွေးနွေးခြင်း မပြုလုပ်ရ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ မပြုလုပ်ရ။

၅။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်တစ်ဦးသည် သဘာပတိ၏ ကြိုတင် ခွင့်ပြုချက်ဖြစ်သာ ဆွေးနွေးရမည်၊ (၁၀) မိနစ်ထက်ပို၍ ဆွေးနွေးရန် သဘာပတိ၏ ခွင့်ပြုချက် ရယူရမည်။

၆။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် သဘာပတိ၏ ကြိုတင် ခွင့်ပြုချက်မရဘဲ ဆွေးနွေးမှုများကို အသံဖမ်းခြင်း၊ ဗီဒီယိုရိုက်ခြင်း မပြုလုပ်ရ။

၇။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် ညီလာခံ (သို့မဟုတ်) အစည်းအဝေးများတွင် စာရွက်စာတမ်းများဝေငှလိုပါက ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့မှတဆင့် ဝေငှရမည်။

၈။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် မိမိတို့ဆွေးနွေးလိုသည့် အကြောင်းအရာများကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့သို့ ကြိုတင်အကြောင်းကြားရမည်။

၉။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် ညီလာခံ၊ ညီလာခံနှင့် ပက်သက်သည့် အဖွဲ့အစည်း (သို့မဟုတ်) ကော်မတီများ၊ ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေမည့် ပြောဆိုပြုမူမှုများ မပြုလုပ်ရ။

၁၀။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် ညီလာခံအား အသုံးချ၍ မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက် အကျိုးအမြတ်များရယူခြင်း၊ အခြားကိုယ်စားလှယ်များကို မိမိဘက်သို့ပါရန် ငွေကြေး၊ တံစိုးလက်ဆောင်များနှင့်လာဘ်ထိုးခြင်း မပြုလုပ်ရ။

၁၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိုယ်စားလှယ်များသည် ညီလာခံအစမှ ပြီးဆုံးသည်အထိ တက်ရာက်ရမည်။

## ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ အတွက် အကျိုးဆောင်များ ဖွဲ့စည်းမှု၊ တာဝန်ယူမှု (တာဝန်ပေးမှု)၊ လုပ်ငန်း လမ်းညွှန်နှင့် အကျိုးဆောင်အဖွဲ့

## ၁။ ဖွဲ့စည်းမှု

၁.၁။ ဆွေးနွေးမည့် ကဏ္ဍကြီး (၅) ခုအတွက် အကျိုးဆောင် (၅) ဖွဲ့ဖြင့် ဖွဲ့စည်းရမည်။
၁.၂။ အကျိုးဆောင်အဖွဲ့များကို ကျွမ်းကျင်ရာဘာသာရပ်အလိုက် တာဝန်ပေးရမည်။
၁.၃။ အကျိုးဆောင်အဖွဲ့တစ်ဖွဲ့လျှင် အများဆုံး (၄) ဦးစီ ပါဝင်ဆောင်ရွက်ရမည်။
၁.၄။ အကျိုးဆောင်အဖွဲ့တစ်ဖွဲ့လျှင် အဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင်များ ပါဝင်ရမည်။
၁.၅။ အကျိုးဆောင်များကို ကူညီရန်အတွက် အထောက်အကူပြုအဖွဲ့ကို ထားရှိနိုင်သည်။

## ၂။ တာဝန်ယူမှု (တာဝန်ပေးမှု)

၂.၁။ အကျိုးဆောင်များသည် တစ်နေ့တာ ဆွေးနွေးပွဲ ပြီးဆုံးလျှင် သက်ဆိုင်ရာ ဆွေးနွေးသည့် ကဏ္ဍတွင် ပါဝင်သော သဘာပတိများနှင့် တစ်နေ့တာ ဆွေးနွေးချက်များ၏ အနှစ်ချုပ်ကို အပြီးသတ် ရေးသားရမည်။
၂.၂။ အကျိုးဆောင်များသည် ဆွေးနွေးပွဲ နောက်ဆုံးနေ့တွင် ကဏ္ဍအလိုက် တင်ပြမှုအား ကူညီရန်။
၂.၃။ အကျိုးဆောင်များသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ အစမှ ပြီးဆုံးသည်အထိ ပါဝင် ကူညီဆောင်ရွက်ပေးရမည်။

## ၃။ လုပ်ငန်းလမ်းညွှန်

၃.၁။ ဆွေးနွေးရန် ချမှတ်ထားသော ခေါင်းစဉ်အတိုင်းဆွေးနွေးနိုင်ရန် အကျိုးဆောင်ပေးရမည်။
၃.၂။ ကိုယ်စားလှယ်များကို သတ်မှတ်ထားသော အချိန်အတွင်းဆွေးနွေးရန်အတွက် အကျိုးဆောင်ပေးရမည်။
၃.၃။ ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် အတွက် အကျိုးဆောင်ပေးရမည်။
၃.၄။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါအချက်များ နှင့် လမ်းညွှန်ချက်များအတိုင်း ဆွေးနွေးပွဲများ ဦးတည်ရန် အကျိုးဆောင်ပေးရမည်။
၃.၅။ ဆွေးနွေးပွဲများတွင် Vision များ၊ မျှော်လင့်ချက်များ၊ Expectation များ နှင့် တိကျသော အဆိုပြုချက်များကို ခွဲပေးနိုင်ရန်၊
၃.၆။ ဆွေးနွေးချက်များအပေါ် ဆုံးဖြတ်ပေးရန် မဟုတ်ဘဲ တင်ပြချက်များကို စုစည်းနိုင်ရန် အကျိုးဆောင်ပေးရမည်။
၃.၇။ မိမိတို့၏ ထင်မြင်ချက်များကို မပြောကြားရန်၊ လိုအပ်ပါက ဆွေးနွေးသည့် ကိုယ်စားလှယ်များထံမှ ရှင်းလင်းချက်တောင်းရန်၊
၃.၈။ ဆွေးနွေးမည့် ကိုယ်စားလှယ်များ၊ အစုအဖွဲ့များအား ညီတူညီမျှဆွေးနွေးခွင့်ပြုရန် တစ်ကြိမ် တစ်ခါမျှမဆွေးနွေးရသေးသူကို ဦးစားပေးရန်၊

၃.၉။ ကိုယ်စားလှယ် တစ်ဦးသည် တစ်ကြိမ်လျှင် (၁၀) မိနစ်ထက် ကျော်လွန်၍ ဆွေးနွေးမှု မဖြစ်စေရန် အကျိုးဆောင်ပေးရန်။

၃.၁၀။ ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ၏ ရည်ရွယ်ချက်သည် ဆွေးနွေးချက်များ၊ သဘောထားများကို စုစည်းရန်ဖြစ်၍ ဘုံသဘောတူညီချက် ရရှိရန် မလိုပါ။

၃.၁၁။ ကိုယ်စားလှယ်များအကြား၊ အစုအဖွဲ့များအကြား ဘက်လိုက် ပြောဆိုမှုများ မပြုလုပ်ရန်၊ ဓမ္မဓိဋ္ဌာန်ကျကျ အကျိုးဆောင်ပေးရန်။

## ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် သတ်မှတ်ထားသောနေရာတွင်သာ နေရာယူရမည်။

၂။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် အစည်းအဝေးခန်းအတွင်းသို့ရောက်သည်နှင့် မိမိတို့၏လက်ကိုင်ဖုန်းများကို ပိတ်ထားရမည် (သို့မဟုတ်) အသံတိတ်အနေအထားတွင် ထားရမည်။

၃။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ဆွေးနွေးပွဲများကျင်းပနေစဉ်အတွင်း ဝင်ရောက်ဆွေးနွေးခြင်း၊ ကြားဖြတ်ပြောဆိုခြင်း၊ အကြံပြု ဆွေးနွေးခြင်းများ မပြုလုပ်ရ။

၄။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့၏ ကြိုတင် ခွင့်ပြုချက်မရဘဲ ဆွေးနွေးမှုများကို အသံဖမ်းခြင်း၊ ဗီဒီယိုရိုက်ခြင်း မပြုလုပ်ရ။

၅။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံ၊ ညီလာခံနှင့် ပက်သက်သည့် အဖွဲ့အစည်း (သို့မဟုတ်) ကော်မတီများ၊ ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေမည့် ပြောဆိုပြုမူမှုများ မပြုလုပ်ရ။

၆။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံသို့ အချိန်မီ တက်ရောက်ရန်နှင့် ညီလာခံမှ ခွင့်ပြုချိန်အထိ တက်ရောက်ရမည်။

၇။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် ညီလာခံတွင် ဆွေးနွေးသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ပြန်လည်ပြောဆို ရေးသားရာတွင် ဆွေးနွေးသည့် ကိုယ်စားလှယ်နှင့် အဖွဲ့အစည်းများ၏ အမည်ကို ဖော်ပြခြင်း မပြုလုပ်ရ (Chatham House Rule)။

၈။ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်သူများသည် အထက်ပါ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက ညီလာခံ တက်ရောက်ခွင့် ရုပ်ဆိုင်းမည်။

## လုပ်ငန်းကော်မတီများ၏ လုပ်ငန်းလမ်းညွှန်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ (UPDJC) သည် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင် အပိုဒ် ၇.၂.၄ အရ နိုင်ငံရေး နိုင်ငံရေးဆွေးနွေးပွဲများအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီများ ၏ လုပ်ငန်း လမ်းညွှန်ကို အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်ပါသည်-

**လုပ်ငန်းကော်မတီဖွဲ့စည်းမှု**

၂။ နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်အကြောင်းအရာများကို အခြေခံ၍ ဆွေးနွေးမှုများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရန် ဖွဲ့စည်းရမည့် လုပ်ငန်းကော်မတီများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ၊

(ခ) လူမှုရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ၊

(ဂ) စီးပွားရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ၊

(ဃ) လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ၊

(င) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီ၊

(စ) အထွေထွေကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီ၊

၃။ အပိုဒ် ၂ ပါ လုပ်ငန်းကော်မတီများကို အစိုးရအစုကိုယ်စားပြု (××) ဦး၊ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ကိုယ်စားပြု (××) ဦး၊ တပ်မတော်ကိုယ်စားပြု (xx) ဦး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ကိုယ်စားပြု (××) ဦး၊ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ ကိုယ်စားပြု (××) ဦး၊ တိုင်းရင်းသား ကိုယ်စားပြု (××) ဦး နှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သူများ ကိုယ်စားပြု (××) ဦးတို့ဖြင့် ဖွဲ့စည်းသည်။ ယင်းလုပ်ငန်း ကော်မတီများတွင် အမျိုးသမီးကိုယ်စားလှယ် (၃၀) ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

၄။ အပိုဒ် ၃ ပါ အချိုးအစားအတိုင်း လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီးနောက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကို လုပ်ငန်းကော်မတီဝင်များထဲမှ သင့်လျော်မည့် ပုဂ္ဂိုလ်အား ရွေးကောက်တင်မြှောက်၍ တာဝန်ပေးအပ်ရမည်။

**လုပ်ငန်းကော်မတီများ၏ သက်တမ်း**

၅။ လုပ်ငန်းကော်မတီဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပသည့် သက်တမ်း အတိုင်းဖြစ်ပြီး၊ လုပ်ငန်းကော်မတီဝင်များအား အစားထိုးလိုပါက သက်ဆိုင်ရာ ကိုယ်စားပြုအစုအဖွဲ့မှ ဆောင်ရွက်ရမည်။

## လုပ်ငန်းကော်မတီများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်

၆။ လုပ်ငန်းကော်မတီများသည် မိမိတို့၏ သက်ဆိုင်ရာအကြောင်းအရာအလိုက် လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) တွင်ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၇။ လုပ်ငန်းကော်မတီများသည် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် အကြောင်းအရာအလိုက် အစည်းအဝေးများ ကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (The Framework for Political Dialogue) ၏ ရည်ရွယ်ချက် နှင့် အခြေခံမူများ နှင့် အညီ ဆောင်ရွက်ရမည်။

၈။ လုပ်ငန်းကော်မတီများသည် မိမိတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ငန်းကော်မတီအဆင့်တွင် အကျေအလည် ဆွေးနွေး အဖြေရှာသွားရမည်။ လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့ နှင့် ညှိနှိုင်းပြီးဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိ နားလည်သည်ဟုယူဆရသည့် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးသွားနိုင်သည်။

၉။ လုပ်ငန်းကော်မတီများသည် လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆရသည့် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများပါဝင်သည့် နည်းပညာအထောက်အကူပြုအဖွဲ့များကို သင့်လျော်သည့် လူဦးရေဖြင့် ဖွဲ့စည်းသွားနိုင်သည်။ ယင်း နည်းပညာအထောက်အကူပြု အဖွဲ့ဝင်များအား သတ်မှတ်ထားသည့် အစည်းအဝေး စည်းမျဉ်း၊ စည်းကမ်းများ နှင့် သတင်းအချက်အလက် ထိန်းသိမ်းခြင်းဆိုင်ရာ ကျင့်ဝတ်များကိုလိုက်နာရန် သက်ဆိုင်ရာကော်မတီများမှ တာဝန်ခံရမည်။

၁၀။ လုပ်ငန်းကော်မတီများသည် မိမိတို့အား တာဝန်ပေးအပ်ထားသည့် အကြောင်းအရာကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုချက်နှင့်အဆိုပြုချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံသို့ ဆွေးနွေးဆုံးဖြတ်မှုများပြုလုပ်နိုင်ရန် အတွင်းရေးမှူးအဖွဲ့မှ တဆင့်တင်ပြရမည်။

၁၁။ လုပ်ငန်းကော်မတီများသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှ တင်ပြလာ သည့် အကြံပြုချက်နှင့် အဆိုပြုချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ဆွေးနွေးဆုံးဖြတ်မှုများပြုလုပ်နိုင်ရန် မူဝါဒအဆိုပြုလွှာများရေးဆွဲပြီး အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။

၁၂။ လုပ်ငန်းကော်မတီများ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား လိုအပ်လျှင် ပူးပေါင်းဆောင်ရွက်မှု များကို ပြုလုပ်နိုင်သည်။

၁၃။ လုပ်ငန်းကော်မတီတစ်ခုအတွင်း (သို့မဟုတ်) ကော်မတီများအကြား မဖြေရှင်းနိုင်သည့် သဘောထားကွဲလွဲမှုများရှိလာပါက ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

၁၄။ လုပ်ငန်းကော်မတီများသည် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၁၅။ လုပ်ငန်းကော်မတီများသည် မိမိတို့မှ ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများ၊ နည်းပညာအထောက်အကူပြုအဖွဲ့များအား ကြီးကြပ်လမ်းညွှန်မှုပေးရမည်။

၁၆။ လုပ်ငန်းကော်မတီအစည်းအဝေးများတွင် ကော်မတီအစည်းအဝေးတွင်း ဆွေးနွေးသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း သတင်းထုတ်ပြန်ရန်ခွင့်ပြုချက်မရရှိဘဲ မည်သူ့ကိုမျှ ပြောကြားခြင်းမပြုရန် ကော်မတီဝင်များမှ ထိန်းသိမ်းရမည်။

၁၇။ လုပ်ငန်းကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီများကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို သတင်းထုတ်ပြန်ရန် ခွင့်ပြုချက်မရရှိဘဲ ထုတ်ပြန်ခြင်း၊ ဖြန့်ဝေခြင်း မပြုရ။

၁၈။ လုပ်ငန်းကော်မတီများ အစီရင်ခံစာ တင်ပြခြင်းနှင့် စပ်လျဉ်း၍-

၁၈.၁။ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးက သော်လည်းကောင်း၊ လုပ်ငန်းကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို သက်ဆိုင်ရာသို့တင်ပြရမည်။

၁၈.၂။ ယင်းသို့တင်ပြရာတွင် လုပ်ငန်းကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ထိုးရမည်။ ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာ တွင် ပူးတွဲတင်ပြရမည်။

**အထွေထွေ**

၁၉။ လုပ်ငန်းကော်မတီဝင်များသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် တာဝန်အရ သွားလာရသည့် ခရီးစရိတ်၊ ချီးမြှင့်ငွေနှင့် လိုအပ်သည့် ထောက်ပံ့မှုများကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊စည်းကမ်းမူဝါဒများ နှင့်အညီ ခံစားခွင့်ရှိသည်။

၂၀။ လုပ်ငန်းကော်မတီများသည် မိမိတို့၏ ဆောင်ရွက်ချက်များ၊ သဘောထားများ နှင့် အများပြည်သူသိရှိရန် လိုအပ်သည့် ကိစ္စများကို သင့်လျော်သလို သတင်းထုတ်ပြန် ကြေငြာခြင်းပြုရမည်။

**ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ**

# အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းလမ်းညွှန်

## ဖွဲ့စည်းမှု

အတွင်းရေးမှူးအဖွဲ့ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီများမှ (၁၅) ဦးထက် မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

## တာဝန်များ

၁။ အတွင်းရေးမှူးအဖွဲ့သည် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ တစ်ခုနှင့်တစ်ခု ကြားကာလတွင် ဆက်သွယ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ ၏ လုပ်ငန်းရပ်များကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၂။ အတွင်းရေးမှူးအဖွဲ့သည် လုပ်ငန်းကော်မတီများမှ တင်ပြလာသော မူဝါဒ အဆိုပြုလွှာများ၊ အကြံပြုချက်များကို လက်ခံစုစည်း၍ ဦးစားပေးအစီအစဉ်များချမှတ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့တင်သွင်းရန် တာဝန်ရှိသည်။

၃။ အတွင်းရေးမှူးအဖွဲ့သည် လုပ်ငန်းကော်မတီများ တခုနှင့်တခုအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

၄။ အတွင်းရေးမှူးအဖွဲ့သည် နိုင်ငံရေးဆွေးနွေးပွဲနှင့်ပတ်သက်သည့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ရန်ပုံငွေဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၅။ အတွင်းရေးမှူးအဖွဲ့သည် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အခြားလိုအပ်သည့် ဝန်ထမ်းများအား ကျွမ်းကျင်မှုကို အခြေခံ၍ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရန် တာဝန်ရှိသည်။

၆။ အတွင်းရေးမှူးအဖွဲ့သည် လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သို့ အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။

## အစည်းအဝေးကျင်းပခြင်း

က။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ စုံညီအစည်းအဝေးကို (၁) လတစ်ကြိမ် ကျင်းပ သွားရမည်။

ခ။ လိုအပ်ပါက ကြားကာလတွင်လည်း အစည်းအဝေးကျင်းပရန် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

